မြဝတီ နေ့စဉ်

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၂၈)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ အင်္ဂါနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တာဝန်အပ်နှင်းရွေးချယ်ဖို့ မဲရုံသွားလို့ မဲပေးစို့။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍာ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍာ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍာ၊ ကျန်းမာရေးကဏ္ဍာတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ခတ္တာဆောင်ရှိ သင်တန်းသူအိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★

အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်)

မျိုးဆက်သစ်တို့အတွက် အာကာသနှင့်သိပ္ပံဆိုင်ရာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက် (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားအား တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ပူးပေါင်းပြီး ၁၉၈၇ ခုနှစ်က တည်ဆောက်ခဲ့သည့် နက္ခတ်တာရာပြခန်းကို ယခုတွင် အာကာသပြတိုက်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပြုပြင်ခဲ့ခြင်းဖြစ်သည်။ ယခင်က အသုံးပြုခဲ့သည့် စက်ပစ္စည်း Analog Projection System များနေရာတွင် ခေတ်မီစက်ပစ္စည်းတွေဖြစ်သည့် Digital Projection System များဖြင့်အစားထိုးလဲလှယ်ခြင်း၊ အာကာသနှင့်နက္ခတ်တာရာဆိုင်ရာပြခန်းများ၊ အာကာသစခန်းများနှင့် အခြားအာကာသနည်းပညာဆိုင်ရာ ပြခန်းများအစရှိသည့် စိတ်ဝင်စားဖွယ်ပြခန်းနေရာများကို ထပ်မံထည့်သွင်းပြသခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အာကာသပြတိုက်(ရန်ကုန်)ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် မြန်မာနိုင်ငံတွင်ရှိသည့် ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်များအနေဖြင့် စာအုပ်များတွင် ဖတ်ခဲ့ရသည့်၊ ရုပ်သံများတွင် မြင်တွေ့ခဲ့ရသည့် အာကာသတွင်းစေလွှတ်မည့်ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာမည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာမည့် အာကာသယာဉ်နှင့်ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာဗဟုသုတအကြောင်းအရာများကို ယခုပြတိုက်အတွင်း၌ တစုတစည်းတည်း စူးစမ်းလေ့လာခွင့် ရနိုင်တော့မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ် **"နည်းပညာခေတ်ဖြစ်သည့် ယနေ့မျက်မှောက်ကာလတွင် အာကာသနှင့် ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏အကျိုးကိုဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အဖြိုင်အဆိုင်ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့သုတေသနလုပ်ငန်းများမှရရှိလာသည့်အကျိုးရလဒ်များဖြစ်သည့်အာကာသသိပ္ပံနှင့်အသုံးချနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကို နိုင်ငံ၏ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် နိုင်ငံ့စွမ်းအားကို ဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာအသုံးချနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့်နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

အာကာသပြတိုက်ကိုနိုင်ငံ၏အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အာကာသနှင့် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများကိုနိုးကြားစေမည့် ၎င်းတို့သင်ကြားနေသည့်ကျောင်းသင်ခန်းစာများကိုကျော်လွှန်ပြီး အာကာသနှင့်သိပ္ပံဆိုင်ရာအိပ်မက်အသစ်များကို မွေးဖွားပေးမည့်နေရာတစ်ခုဖြစ်လာစေရေးအတွက်ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်တည်ဆောက်ရာတွင် အာကာသသိပ္ပံပညာနှင့် အသုံးချနည်းပညာများသည် တစ်နေ့တခြားပိုမိုအရေးပါလာသည့်အတွက် မြန်မာနိုင်ငံတွင် အာကာသနည်းပညာများ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ရည်မှန်းချက်ထားပြီးဆောင်ရွက်နေခြင်းဖြစ်သည်။ အာကာသပြတိုက်မှရရှိလာသည့် အာကာသနည်းပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့်အနာဂတ်၏ အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက် ပညာရှင်များလည်းပေါ်ထွက်လာတော့မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် အာကာသနည်းပညာများကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်။ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ရေတို/ရေရှည်စီမံကိန်းများသတ်မှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရှင်လူငယ်များအနေဖြင့် ထိုကဲ့သို့ အာကာသနည်းပညာလှုပ်ရှားမှုအစီအစဉ်များတွင်ပါဝင်နိုင်မည့် အခွင့်အလမ်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဖော်ဆောင်မည်ဖြစ်သည်။ ဤနေရာတွင် သာဓကတစ်ခုအနေဖြင့် စက်တင်ဘာလက ရုရှားဖက်ဒရေးရှင်းနိုင်ငံဆီးရီးယပ်မြို့တွင် ကျင်းပခဲ့သည့် Open World Astronomy Olympiad (OWAO-25) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ်ခြောက်ဦးနှင့် International Olympiad on Climate Change and Environmental Issues (IOCE-2025) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် လူငယ်ငါးဦး စုစုပေါင်း လူငယ် ၁၁ ဦး ကို စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ သက်ဆိုင်ရာပြိုင်ပွဲများအလိုက် ထိုက်တန်စွာယှဉ်ပြိုင်နိုင်ခဲ့ကြပြီး အောင်မြင်မှုအသီးသီးဖြင့် ဆုတံဆိပ်များဆွတ်ခူးနိုင်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ယခုအခါ အာကာသပြတိုက်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သောကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ခေတ်အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့်အခွင့်အလမ်းအသစ်များတွင်ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စိတ်ကူးစိတ်သန်းများကိုမွေးဖွားကာ အကောင်အထည်ဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။ အနာဂတ်ကာလအာကာသအသုံးချနယ်ပယ်အသီးသီးတွင် နိုင်ငံတော်ကဂုဏ်ယူအားထားရမည့် သုတေသနပညာရှင်များ၊ အင်ဂျင်နီယာများ၊ အာကာသယာဉ်မှူးများ၊ ဘက်စုံကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် လူစွမ်းအားအရင်းအမြစ်များပေါ်ထွက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၂၆ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ကျေးလက်ရေရှည်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ဒုံကွဲဦး ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ဒုံကွဲဦးမြို့နယ် သပြေတောကျေးရွာ၌ ကျေးလက်ရေရှည်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာလ ၁ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ သပြေတောကျေးရွာ၌ ကျေးလက်ရေရှည်ရေးအတွက် စက်ရေတွင်း(တွင်းနက်)တူးဖော်ခြင်း၊ ရေဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေသန့်စင်စနစ်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုံကွဲဦးမြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သပြေတောကျေးရွာ၌ အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းသည် အနက်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိစက်ရေတွင်း(တွင်းနက်)တူးဖော်ခြင်း၊ ရေဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အိမ်သုံးမီတာတပ်ဆင်ခြင်းနှင့် မီတာခန်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်းဖြင့် ဦးစီးဌာနအင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ယခုနှစ် ဇူလိုင်လစတုတ္ထပတ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁၂-၂၀၂၅(အင်္ဂါနေ့)

၁။ ဝ၆:၀၀ တရားတော်
၂။ ဝ၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ဝ၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ မြန်မာသံစဉ်ချိန်းဝင်
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၉။ ၁၅:၀၀ အဟောင်းထဲမှအကောင်းဆုံးသီချင်းများ
၁၀။ ၁၆:၀၀ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း
၁၁။ ၁၈:၀၀ **မြဝတီရုပ်မြင်သံကြားသတင်း**
၁၂။ ၁၈:၃၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၁၃။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

MWD Variety Channel
၂-၁၂-၂၀၂၅ (အင်္ဂါနေ့)

၁။ ၀၉:၃၅ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၂။ ၁၀:၃၀ ကျန်းမာသောဘဝ
၃။ ၁၁:၃၅ ဖတ်ပါ မှတ်ပါ လေ့လာပါ
၄။ ၁၂:၄၀ ဥပဒေမှတ်စု
၅။ ၁၅:၄၅ ကြည်နူးဖွယ်မြေ၁ ဘုရားပုထိုးစေတီတော်
၆။ ၁၆:၄၀ Sport Icon

မြဝတီ ခနဲ့စဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ခေါ်နီလာအောင်၊ ခေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ခေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ခေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

၅၀၀ ကေဗွီ စပါးကြွယ်(တောင်ငူ) ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းတိုးတက်မှု ပြည်ထောင်စုဝန်ကြီး ဦးဘဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဘဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ စပါးကြွယ်ကျေးရွာအနီး၌ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ စပါးကြွယ်(တောင်ငူ) ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း၏လုပ်ငန်းတိုးတက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းယာယီရှင်းလင်းဆောင်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူတို့ က၅၀၀ကေဗွီကံကောင်း(မိတ္ထီလာ)ဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီ စပါးကြွယ်(တောင်ငူ) ဓာတ်အားခွဲရုံတို့၏ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ဓာတ်အားခွဲရုံများ၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သွားသော Shunt Reactor Bushing ပျက်စီးသွားမှုကို အမြန်ဆုံး စစ်ဆေးပြင် ဆင် ဆောင် ရွက် သွား ရန် လိုအပ်ကြောင်းနှင့် ကျန်ရှိသည့်လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Switch Yard အတွင်း ထရန်စဖော်မာများ Shunt Reactor နှင့် Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယခုအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ၅၀၀ကေဗွီစပါးကြွယ်(တောင်ငူ) ဓာတ်အားခွဲရုံစီမံကိန်းသည် လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၁ ဒသမ ၀၇ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

စက်မှုနှင့်သက်မွေးပညာ ရွှေ့လျားသင်တန်းဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁

စက်မှုနှင့်သက်မွေးပညာ ရွှေ့လျားသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏ္ဍာသီရိမြို့နယ်ရှိ စက်မှုဇုန်ခန်းမ၌ကျင်းပသည်။

ဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒကွိဏ္ဍာသီရိစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းရှင်များ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသည့် စက်မှုသင်တန်းကျောင်းများ၊ ကျွမ်းကျင်မှုအခြေပြု ကာလတိုသုံးလသင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျော့ချရေးနှင့် စက်မှုဆိုင်ရာ အခြေခံပညာရပ်များကို သင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေရာတွင် အထောက်အကူဖြစ်စေရေးအတွက် စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်းများကို ၂၀၁၄ ခုနှစ်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် သင်တန်း ၁၄၈ ကြိမ် ဖွင့်လှစ်ကာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၃၃၈ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်း။

ယခုသင်တန်းတွင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သောအခြေခံအုတ်မြစ်များကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်၍ စနစ်တကျနာယူမှတ်သားကြရန်နှင့် သင်ယူရရှိလာသည့် ပညာရပ်များကို လုပ်ငန်းခွင်တွင် အချင်းချင်းပြန်လည်မျှဝေပေးသွားရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က နေပြည်တော်အတွင်းရှိ စက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ MSME များအတွက် လိုအပ်သော ချေးငွေများထုတ်ချေးပေးထားမှု၊ SME Member Card များ ထုတ်ပေးပြီးစီးမှုနှင့် ဒေသအတွင်း ထုတ်ကုန်ပစ္စည်းပြပွဲ/ပြိုင်ပွဲများ ကျင်းပခဲ့မှုအခြေအနေ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခြေခံစက်ပြင်ဘာသာရပ်၊ အခြေခံလျှပ်စစ်ဘာသာရပ်၊ အခြေခံဂဟေဆက်ဘာသာရပ်တို့ကို တက်ရောက်သင်ကြားမည့်သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၈ ဦး ပါဝင်တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို ဒီဇင်ဘာလ ၁ ရက်မှ ၁၂ ရက်အထိ နှစ်ပတ်ကြာစာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ပျဉ်းမနားမြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အကြိုအထိမ်းအမှတ် မသန်စွမ်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု မသန်စွမ်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် မသန်စွမ်းအားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မသန်စွမ်းအားကစားပြိုင်ပွဲတွင် အပြေးပြိုင်ပွဲအကြိုးတန်းအဆင့်(ကျား/မ)၊ အပြေးပြိုင်ပွဲအငယ်တန်းအဆင့်(ကျား/မ)၊ ဝီးခွဲလိ်အပြေးပြိုင်ပွဲ(ကျား/မ)၊ သံလုံးပစ်ပြိုင်ပွဲ(ကျား/မ)၊ သံပြားပစ်ပြိုင်ပွဲ(ကျား/မ)၊ လုံတံပစ်ပြိုင်ပွဲ(ကျား/မ) ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိကြသည့် မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မသန်စွမ်းအမျိုးသမီးများအတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဘူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ဆောက်လုပ်ရေးရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသောပစ္စည်းများအသုံးပြုရေးနှင့် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံးဇမ္ဘူသီရိခန်းမ၌ ကျင်းပသည့် ဒီဇင်ဘာအားကစားလ အားကစားလှုပ်ရှားမှုများကျင်းပရေးနှင့် အားကစားကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက နေပြည်တော်အားကစားအသင်းများ အဆင့်မီဝင်ရောက်ယှဉ်ပြိုင်ရေး၊ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများသို့ နေပြည်တော် အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

အရိပ်မစန္ဒာ

ယမန်နေ့မှအဆက်

'ခုတော့ကြည့်လေ ရယ်လို့မောလို့ ပျော်လို့ရွှင်လို့မဟုတ်လား၊ သူဌေးကတော်ဆိုတာ နည်းတဲ့ဂုဏ်လား၊ ဒါတောင် ခေတ်ပြောင်းသွားလို့၊ ညည်းအဖေ အမတ်ဖြစ်တုန်းကဆိုရင် ပဝါနှစ်စချိုး သမ္မတအိမ်က ဧည့်ခံပွဲတွေတက်ရတာ ဘယ်လောက်ဂုဏ်ရှိတယ်အောက်မေ့လဲ'

စုလှိုင်သည် ပျင်းရိစွာသမ်းဝေလိုက်ပြီး ထိုင်ရာမှထလိုက်သည်။ မာမီကြီး၏စကားများကို နားထောင်ရန် စိတ်မဝင်စားတော့ပေ။ မာမီကြီးသည် အင်္ဂလိပ်ခေတ်အကြောင်းကို စကားစဆွယ်သွားပြီး ပြောပြတော့မည်ကို သိထားသည့်အတွက်ကြောင့်ဖြစ်လေသည်။ မာမီကြီးပြောပြမည့် မျက်နှာဖြူသခင်ကြီး၊ သခင်မကြီးများအကြောင်းကို စုလှိုင်ငယ်စဉ်ကတည်းကပင် ထပ်ပြန်တလဲလဲနားထောင်ခဲ့ဖူးပြီဖြစ်သည်။

'ပဝါချတာ စကားစပ်မိလို့ ပြောရဦးမယ်၊ ရစ်ချတ်သခင်ကြီးဆိုရင် ပဝါချတာ မာမီကြီးလှလွန်းလို့တဲ့၊ တဖွဖွချီးကျူးပြီး ဓာတ်ပုံတောင်ရိုက်ယူသွားတာ၊ လူကလေးမောင်လှ မောင်မင်းမိန်းမ သိပ်လှတယ် သိပ်လှတယ်နဲ့ ညည်းတို့အဘိုးကို ကျောသပ်သပ်ပြီး ပြောတာကွယ်'

ကုလားထိုင်တွင်ထိုင်နေသော သူနာပြုဆရာမလေး၏မျက်တောင်သည် စင်းငုံက်နေသည်။ ဇာခန်းဆီးပြာပြာလေးကမူ လေပြည်ထဲတွင် တလွန့်လွန့်လူးနေသည်။ စုလှိုင်သည် ဇာခန်းဆီးလေးကို လက်နှင့်သိမ်းဖယ်ကာ အခန်းထဲမှ ခပ်သွက်သွက်ထွက်လိုက်သည်။ ထို့နောက် မာမီကြီးကို မကြားတကြားလှမ်းပြောလိုက်မိသည်။

'မာမီကြီးကလည်း တစ်မျိုးပါပဲ'

■ ■ ■ ■ ■

'ဘာပဲဖြစ်ဖြစ် တို့တွေက တို့အဘိုးတွေ၊ အဖေတွေထက်တော့ ကံကောင်းတယ်သိလား'

'ဘာဖြစ်လို့လဲ'

စုလှိုင်သည် ပါတာနီစေ့လေးများကို တစ်စေ့ချင်းဝါးနေရင်းမှ အမာညိုနှင့်သက်သက်ကို မသိမသာငဲ့ကြည့်လေသည်။ သက်သက်သည် ခုပေါ်တွင်ရပ်ရင်း ရေဆွတ်ထားသောအဝတ်နှင့် မှန်ပြတင်းကို ပွတ်တိုက်နေသည်။ အမာညိုက ရေတစ်ပုံးနှင့် အောက်ဘက်မှစောင့်နေလေသည်။ သူတို့နှစ်ဦးသည် တတွဲတွဲနှင့် အလွန်ခင်လှသည်။ ခင်သလောက်လည်း ရန်ဖြစ်လှသည်။ သူတို့လောက် အငြင်းသန်သူကို ရှာတွေ့ရန်မလွယ်လှပေ။ ယခုလည်း တစ်စုံတစ်ခုကို ငြင်းခုံရန် အစပျိုးပြန်ချေပြီဟု စုလှိုင် တွေးလိုက်မိလေသည်။

'တို့တွေက လွတ်လပ်ရေးရပြီးမှမွေးတာလေ၊ သခင်တွေအဖြစ် လွတ်လွတ်လပ်လပ်မွေးလာတာ'

'အေးပေါ့ ဒီမှာကြည့်၊ သခင်မကြီး အမာညိုတဲ့'

'အမေတို့ အဖေတို့ကတော့ ကျွန်ကလေးတွေအဖြစ် မွေးလာပြီး ကျွန်ကြီးတွေအနေနဲ့ ကြီးပြင်းခဲ့ရတာ ဘယ်လောက်သနားဖို့ကောင်းသလဲ'

စုလှိုင်သည် ဒီတစ်ခါ မငြင်းခုံဘဲ အတိုင်အဖောက်ညီညီပြောနေသော သူတို့နှစ်ဦးကိုငေးကြည့်ရင်း ခေါင်းထဲတွင် ဝေတေတော ဝါးတားတားဖြစ်သွားသည်။ အဘွားသည်လည်း ကျွန်ကလေးအဖြစ်နှင့် မွေးဖွားလာခဲ့ပြီး ကျွန်ကြီးအဖြစ်နှင့် ကြီးပြင်းခဲ့ရသူဖြစ်လေသည်။ သို့သော် သူသည် ထိုကျွန်ဘဝကိုပင် တတမ်းတတနှင့် တမ်းတ၍မဆုံးနိုင်အောင် ရှိတော့သည်။ ထိုကျွန်ဘဝတွင် အဘွားသည် အလွန်ပျော်ခဲ့ဟန်ရှိလေသည်။

'ကိုကိုကတော့ နှစ်ရက်ကပ်ပြီး ကျွန်ဖြစ်သွားသေးတယ်၊ သူက ဇန်နဝါရီလ ၂ ရက်နေ့မှာမွေးတာ၊ ၄ ရက်နေ့မှာ လွတ်လပ်ရေးရတာလေ၊ မေမေ့ကို ခဏခဏပြောတယ်သိလား၊ မေမေကလည်း အောင့်ထားရောပေါ့၊ လွတ်လပ်ရေးရမှ မွေးရောပေါ့တဲ့'

"စုလှိုင်သည် ပျင်းရိစွာသမ်းဝေလိုက်ပြီး ထိုင်ရာမှထလိုက်သည်။ မာမီကြီး၏စကားများကို နားထောင်ရန် စိတ်မဝင်စားတော့ပေ။ မာမီကြီးသည် အင်္ဂလိပ်ခေတ်အကြောင်းကို စကားစဆွယ်သွားပြီး ပြောပြတော့မည်ကို သိထားသည့်အတွက်ကြောင့်ဖြစ်လေသည်။ မာမီကြီးပြောပြမည့် မျက်နှာဖြူသခင်ကြီး၊ သခင်မကြီးများအကြောင်းကို စုလှိုင်ငယ်စဉ်ကတည်းကပင် ထပ်ပြန်တလဲလဲနားထောင်ခဲ့ဖူးပြီဖြစ်သည် . . ."

သက်သက် လှမ်းပေးသောရေဝတ်ကို အမာညိုသည် ရေပုံးထဲနှစ်ကာ ပွတ်တိုက်လိုက်သည်။ ထို့နောက် ညှစ်ကာပြန်ပေးသည်။ စုလှိုင်သည် အနည်ထနေသော ရေများကိုငုံ့ကြည့်နေရင်း အမာညို့အစ်ကိုဖြစ်သူ၏ အသက်ကို စိတ်တွက်နှင့်တွက်ကြည့်နေမိသည်။

'အင်္ဂလိပ်တွေက နှစ်ရှည်စီမံကိန်းနဲ့ကို ယုတ်မာတာကွသိလား၊ မနေ့တုန်းကမှ ဦးလေးထွန်းက ရှင်းပြနေတယ်၊ ရခိုင်ပြည်နယ်ဘက်မှာ အရက်ဆိုင်တွေဖွင့်တာ၊ တစ်ပြည်လုံးအနှံ့ ဘိန်းခန်းတွေဖွင့်ပေးတာက လူမျိုးလိုက်အညွှန့်တုံးအောင် လုပ်တာတဲ့၊ နောက်ပြီး တက္ကသိုလ် ဆောက်ဖို့ ရန်ပုံငွေဆိုပြီး လောင်းကစားဝိုင်းတွေထောင်ပြီး ငွေရှာသတဲ့ကွာ၊ တောင်သူလယ်သမားတွေပဲ ဖြူကာ ပြာကာကျပြီး ဆင်းရဲသွားတာပေါ့'

'အေးလေ နောက်ပြီး ဘုရားများ ထူးခံချင်သေးတယ်တဲ့၊ ထူးတဲ့လူတွေကလည်း ထူးတာပဲတဲ့၊ သခင် သခင်နဲ့ လက်အုပ်ချီနေတဲ့အလိုတော်ရိတွေကလည်း အများကြီးပဲတဲ့'

စုလှိုင်၏ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားသည်။ အားရပါးရပြောနေသော အမာညို၏မျက်နှာကို စိုက်ကြည့်နေမိရာမှ ဖျတ်ခနဲ မျက်လုံးလွဲလိုက်သည်။ သူ့လက်ထဲတွင်ကိုင်ထားသော သံကိုင်းတပ်ရေပုံးလေးကို ဝေဝါးစွာကြည့်နေမိသည်။ ရေပုံးထဲမှရေများက ဘောင်ဘင်ခတ်နေသည်။

'သခင် သခင်နဲ့ လက်အုပ်ချီနေတဲ့ အလိုတော်ရိတွေ' ဟု စိတ်ထဲမှထပ်ဆင့်ပြီး ရေရွတ်နေမိသည်။

'ဗျူရိုကရက်ဆိုတာ ဘာလဲဟင်'

'အင်္ဂလိပ်ခေတ်က အရာရှိတွေကို ခေါ်တာပဲဟ'

'ဒီလိုဆို ဗျူရိုကရက်ဆိုတာ ဘောင်းဘီကြီးတွေနဲ့ပေါ့'

'ဘာဆိုင်လို့လဲ'

'အင်္ဂလိပ်ခေတ်ကဆို'

'ဟုတ်သေးပါဘူးဟ၊ ဗျူရိုကရက်ဆိုတာ ပုဆိုးဝတ်ချင်လည်း ဝတ်မှာပေါ့၊ ဘောင်းဘီဝတ်ချင်လည်း ဝတ်မှာပေါ့၊ ပုဆိုးဝတ်ဝတ်၊ ဘောင်းဘီဝတ်ဝတ် ဗျူရိုချင်ဗျူရို ကရက်ချင်ကရက်နေမှာပေါ့၊ ငါတော့ အသေအချာမသိပါဘူး၊ တီချာလာတော့မေးကြည့်'

သက်သက်သည် ကုလားထိုင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ သူပွတ်တိုက်ခဲ့သော မှန်ပြတင်းသည် ပြောင်လက်နေလေသည်။ စုလှိုင်သည် အဘွားပြောလေ့ရှိသော ရစ်ချတ်သခင်ကြီးအကြောင်းကို စဉ်းစားနေမိသည်။ သက်သက်တို့စကားအရပြောရလျှင် ရစ်ချတ်သခင်ကြီးသည် ဗျူရိုကရက်ကြီးဖြစ်ကာ သူ့ကိုလက်အုပ်ချီရှိခိုးနေကြသော အဘိုးတို့၊ အဘွားတို့သည် အလိုတော်ရိကြီးများဖြစ်လေသည်။

'တော်လှန်ရေးတုန်းက ဦးလေးထွန်းပါသလားဟင်'

'ပါတာပေါ့၊ ဦးလေးထွန်းရော ဖေဖေရော'

'သိပ်သတ္တိကောင်းတာပဲနော်'

'အမျိုးကို ချစ်တာကိုးဟ'

'သူတို့တွေ နည်းနည်းမှမကြောက်ဘူးလားဟင်'

'ဦးလေးထွန်းကို ဂျပန်တွေဖမ်းမိတော့ လက်သည်းခွံတွေတောင် ခွာသေးတယ်တဲ့၊ ဖေဖေ ဘယ်မှာလဲမေးတာလေ၊ ဦးလေးထွန်းက အတင်းဘူးခံနေလိုက်တာတဲ့၊ ဖေဖေ့ကိုသာမိသွားရင် ငါတို့တွေ လူပြည်ကိုတောင် ရောက်လာတော့မှာမဟုတ်ဘူး'

သက်သက်သည် ခုံများကို ညီနေအောင်စီရင်းပြောသည်။ သူ့မျက်နှာလေးသည် ဂုဏ်ယူဟန်၊ ဝင့်ကြွားဟန်နှင့်တောက်ပနေလေသည်။ ထို့မျက်နှာလေးကို စိုက်ကြည့်နေသလို သနားလိုသလို ငေးပြီးကြည့်နေမိသည်။

'တချို့အလိုတော်ရိတွေက သူတို့သခင်တွေနဲ့အတူတူ ကုလားပြည်ထွက်ပြေးကြတယ်တဲ့လေ၊ အားကြီးကျွန်စိတ်ရှိတဲ့ဟာတွေ'

စုလှိုင်၏ရင်သည် ဒုတိယအကြိမ် ဒိန်းခနဲခုန်ပြန်လေသည်။ မျက်နှာတစ်ပြင်လုံး ပူထူသွားသည်။ ဒက်ဒီကြီးနှင့် မာမီကြီးတို့အကြောင်းတွေးမိပြီး ရှက်စိတ်ကလေး ဝေတက်လာသည်။ မြန်မာ့တော်လှန်ရေးစသောအခါ ဒက်ဒီကြီးနှင့် မာမီကြီးတို့သည် ရစ်ချတ်သခင်ကြီးနှင့်အတူ အထက်မြန်မာပြည်သို့ ပြေးခဲ့ကြသည်။ ယင်းမှတစ်ဆင့် အိန္ဒိယသို့ ပြေးရန် ကြံရွယ်ခဲ့ကြောင်း မာမီကြီးက ပြောခဲ့ဖူးသည်။ လမ်းခရီးတွင် ဒက်ဒီကြီးအပြင်းဖျား၍ သေဆုံးသောကြောင့် သခင်ကြီးနှင့်အတူ လိုက်မသွားနိုင်ဘဲ နေခဲ့ရကြောင်းကို မာမီကြီးက ဝမ်းနည်းပန်းနည်းပြောပြတတ်သည်။ စုလှိုင်သည် သက်ပြင်းလေးတစ်ချက်ချကာ သူ့လက်ထဲမှ ပါတာနီစေ့လေးများကို ဖိခြေလိုက်သည်။ ပဲစေ့လေးများကမူ ကြေမသွားချေ။ သို့သော် ဆိုးထားသော ဆေးနီလေးများက လက်တွင် စွန်းထင်းပြီးကျန်ရစ်သည်။

ဆက်လက်ဖော်ပြပါမည်။

ဘုတ်ပြင်းမြို့နယ်၌ စာဖတ်ရှုန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာအုပ်စာစောင် ပြပွဲကျင်းပ

ဘုတ်ပြင်း ဒီဇင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်းကျေးရွာအုပ်စု ထောင်မွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာအုပ်စာစောင်ပြပွဲကို ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက စာဖတ်ရှုန်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့်ဟောပြောရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နောင်တစ်ချိန်တွင် နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးထမ်းရွက်ကြရမည်ဖြစ်၍ ယခုအရွယ်မှစ၍ ဗလငါးတန်နှင့်ပြည့်စုံအောင်၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတတ်အောင်၊ တန်ဖိုးထားတတ်အောင် အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးကြစေလိုကြောင်း၊ ကျောင်းသင်ခန်းစာများသာမက ပြင်ပဗဟုသုတရရှိစေရန် စာပေများ ဖတ်ရှုလေ့လာကြစေလိုကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များ၌ အသိပညာဗဟုသုတရရှိစေရန် စာအုပ်စာပေများနှင့် သုတ၊ ရသစာအုပ်စာစောင်များကို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များ

ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။

ချမ်းမြေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

◆ ကျောဖုံးမှအဆက်

ရှိသူများတက်ရောက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် သင်တန်းကျောင်းသုံးခုမှ သင်တန်းသား၊ သင်တန်းသူများကို လိုအပ်ယည်များမှာကြားနိုင်ရန် လာရောက်ခွဲခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းများသည်နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် ရည်ရွယ်လေ့ကျင့်ပေးသည့် သင်တန်းကျောင်းများဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှနိုင်ငံကောင်းနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းဟူ၍ရှိပြီး အစိုးရကနိုင်ငံရေးဦးဆောင်မှုပေး၍ မူဝါဒချမှတ်ပေးကာနိုင်ငံ့ဝန်ထမ်းများက အကောင်အထည်ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ **အစိုးရအဖွဲ့မှနိုင်ငံရေးအရဦးဆောင်သူများအနေဖြင့် အပြောင်းအလဲရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့တာဝန်များအလိုက် ဆက်လက်ထမ်းဆောင်ရခြင်းဖြစ်**ကြောင်း၊ နိုင်ငံရေးတွင်အာဏာရပါတီအလိုက်၊ အစိုးရအဖွဲ့အလိုက် မူဝါဒများကွဲပြားသွားမည်ဖြစ်သော်လည်း ရုံး/ဌာနများအနေဖြင့်ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း။

ဝန်ထမ်းများအားလုံးသည်နိုင်ငံ့ဝန်ထမ်းအဖြစ်လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ **ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင်ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**ကြောင်း၊ လူတိုင်းသည် တိုးတက်မှုကိုလိုလားကြပြီး မြင့်မားသည့် ဘဝကို ပိုင်ဆိုင်လိုကြသဖြင့် ကြိုးစားအားထုတ်မှုရှိရန်လိုအပ်မည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့်လည်းမိမိတို့ဝန်ထမ်းသက်တမ်းတစ်လျှောက်တက်ရောက်ရမည့် သင်တန်းများအားလုံးတွင် စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ သင်တန်းကျောင်းများအနေဖြင့် အရည်အသွေးမြင့်မားသည့် နိုင်ငံ့ဝန်ထမ်းများရရှိစေရေး အချိန်၊ ငွေကြေး အရင်းအနှီးများစွာကုန်ကျခံသင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှသင်ကြားပေးသည်များကို တန်ဖိုးထား၍ သင်ယူသွားကြရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို မှန်မှန်ကန်ကန် သိရှိနားလည်ကြရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဆွဲငြိဖြတ်ဆန်းလာခဲ့သည့် ခေတ်အဆက်ဆက်၌ နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့်တပ်မတော်အနေဖြင့် ပြည်သူများလိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး အဆင့်ဆင့်ဖော်ဆောင်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခက်အခဲ၊ အကျပ်အတည်းများကို တပ်မတော်မှပင် ဦးဆောင်၍ ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံတော်တွင်ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို မှန်မှန်ကန်ကန် လေ့လာသိရှိနားလည်ကြရန်လိုကြောင်း။

❖ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးတည်ငြိမ်အေးချမ်းသည့်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ် . . .

❖ သင်တန်းသား သင်တန်းသူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့်ဒေသအကျိုးကိုဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်း (Institution)ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူများကိုရွေးချယ်၍ ဆန္ဒမဲပေးရန်လို . . .

နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတို့သည်ခေတ်အဆက်ဆက် ထိန်းသိမ်းကာကွယ်ရမည့် အချက်များဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးသည် ခက်ခက်ခဲခဲကြိုးပမ်း၍ ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်ကြောင်း၊ နိုင်ငံရေးအရကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အင်အားကြီး နိုင်ငံကြီးနှစ်ခုအကြားတွင် တည်ရှိနေပြီး ရှုပ်ထွေးသည့် နိုင်ငံရေးသမိုင်းကြောင်းနောက် ခံများလည်းရှိကြောင်း၊ အရှေ့နှင့်အနောက်၏မတူညီသည့် သဘောသဘာဝများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရတည်ငြိမ်မှုရရှိရန် လိုအပ်နေမှုများကို တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်နိုင်မှုမရှိပါက နိုင်ငံပြိုကွဲမည့်အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကိုပုံဖော်တည်ဆောက်ကြရမည်ဖြစ်**ကြောင်း။

နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများကိုကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ကြရန်လိုကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင်ဆိုရှုယ်လစ်စနစ်နှင့်အရင်းနှင်စနစ်တို့၏ အားပြိုင်ခဲ့မှုများရှိကြောင်း၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် နိုင်ငံရေးအရအယူဝါဒကွဲပြားမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ရမှုများရှိသကဲ့သို့ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလများ၌လည်း လက်နက်ကိုင်ပဋိပက္ခများနှင့် စီးပွားရေးအယူဝါဒကွဲပြားခဲ့မှုများရှိကြောင်း၊ ဆိုရှုယ်လစ်စနစ်၌ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ အရေးအခင်းများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏အခြေအနေယိမ်းယိုင်လာခဲ့ကာ အချုပ်အခြာအာဏာပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများ ရပ်တန့်ခဲ့ရသောကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ပြီးချိန်တွင် နိုင်ငံတော်အားပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်းမရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှစ၍ ယခုအချိန်အထိ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံရေးအရဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရပိတ်ဆို့မှုများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့မှုများနှင့် အခက်အခဲ၊ အကျပ်အတည်းများကို မိမိတို့အနေဖြင့်သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများ၏ စုစည်းညီညွတ်သည့် အားဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ရွေးကောက်ပွဲသည်အလွန်အရေးကြီးသည့်အတွက် မိမိတို့အနေဖြင့် ယခုလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအားကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ သိက္ခာရှိသည့်ရွေးကောက်ပွဲ ဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းများကို စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား နိုင်ငံတော်၏ လုံခြုံရေး အခြေအနေအရ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင်မဲမသမာမှုပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM) များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း၊ **သင်တန်းသား သင်တန်းသူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့်ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်း (Institution) ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူများကိုရွေးချယ်၍ ဆန္ဒမဲပေးရန်လို**ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် ကျင့်သုံးခဲ့သည့် စီးပွားရေးစနစ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး အဆိုပါလိုငွေများကို Non-Trade များမှ ရရှိသည့် ငွေများဖြင့်ပြန်လည်ဖြည့်တင်းခဲ့ကြကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင်လည်း ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ Non-Trade မှရသည့်ငွေများတွင် ပြည်ပမှချေးငွေများ၊ ထောက်ပံ့ငွေများပါဝင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုအားပေးဆောင်ရွက်မှသာလျှင် ထုတ်ကုန်ပစ္စည်းများ ရရှိလာမည်ဖြစ်ပြီး ပြည်ပပို့ကုန်များလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် **စာမျက်နှာ ၆ သို့ ◆**

◆ **စာမျက်နှာ ၅ မှအဆက်**

အခက်အခဲများကြားမှကုန်သွယ်မှုလိုငွေများလျော့နည်းစေရေး ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်နိုင်မှုသာ ကုန်သွယ်မှုအတွက် လိုအပ်သည့် ပို့ကုန်များကိုရရှိမည်ဖြစ်ကြောင်း၊ ပို့ကုန်များရရှိမှသာ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံခြားငွေများရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေများလျော့နည်းလာမည်ဖြစ်ကြောင်း။

ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတခြင်းကြောင့် နိုင်ငံခြားငွေကြေးဈေးနှုန်းများမြင့်တက်လာကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌လိုအပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်ပြီး ပို့လျှံသည့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင်လည်း ပြည်တွင်း၌ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ပြည်တွင်း လိုအပ်ချက်ရှိသည့် အခြေခံစားကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်အတွက်ကုန်ကျနေရသည့် နိုင်ငံခြားငွေသုံးစွဲမှုကို လျော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားကုန်၊ သုံးကုန်၊ သောက်ကုန်များကို ပြည်ပမှ တင်သွင်းခြင်း ထက်ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်သွားမည်ဆိုပါက နိုင်ငံခြားငွေများသုံးစွဲရမှုများစွာလျော့နည်းသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများ၊ စီးပွားရေးအရ ဖြစ်ပေါ်နေသည့်အခြေအနေများကို သိရှိနားလည်နိုင်ရန် ယခုကဲ့သို့အချိန်ယူ၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခံ၍ သင်တန်းလာရောက်တက်ကြရသူများဖြစ်သဖြင့် သင်တန်းတက်ရောက်နေရသည့် အချိန်အတွင်း အမှန်တကယ်တတ်မြောက်အောင်သင်ယူသွားကြရန်နှင့်သင်တန်းပြီးဆုံးပါက အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ရချိန်တွင် အတိတ်တွင်ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူ၍ အကောင်းဆုံးဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ဂွေးချိုကျေးရွာ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ချောက်မြို့နယ် ဂွေးချိုကျေးရွာ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းခန်းမ၌ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ချောက်မြို့စက်မှုလက်မှုသိပ္ပံ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ လူငယ်ရေးရာကိစ္စများ ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်က **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ရည်မှန်းချက်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာထူးချွန်ထက်မြက်သော၊ ဗဟုဝါးတန်ပြည့်ဝသော လူငယ်များပေါ်ထွန်းလာစေရေး မိဘများနှင့် ဆရာ၊ ဆရာမများက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ လိုလားချက်နှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရေးမကြောမီကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အဖျက်အမှောင့်သမားများကို ဝိုင်းဝန်းဖော်ထုတ်ပြီး ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်းမဲပေးနိုင်ရေး၊ မိမိဒေသနှင့်နိုင်ငံအကျိုးကို အမှန်တကယ်စွမ်းဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်မဲပေးသင့်ကြကြောင်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများနှင့် စကားပြောဆိုခဲ့ပြီး စာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှလျှပ်ဒါန်းသည့် စာအုပ်စာစောင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လှုဒါန်းသည့် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက်ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဝန်ကြီးက ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆောင်ရွက်ရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လုပ်ငန်းတာဝန်များအရှိန်အဟုန်မပျက် ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် လျှုဒါန်းသည့် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက်ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဝန်ကြီးက ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆောင်ရွက်ရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လုပ်ငန်းတာဝန်များအရှိန်အဟုန်မပျက် ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ရချိန်တွင် အတိတ်တွင်ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူ၍ အကောင်းဆုံးဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ကနူး/ကယက်လှေလှော် အားကစားသမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁

ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ ကနူး/ကယက် လှေလှော် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယနေ့တွင် အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများသည် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

"ပြိုင်ပွဲမှာ အောင်မြင်မှုတွေရရှိအောင် ကြိုးစားဖို့ ပြိုင်ပွဲဝင် အားလုံးက စိတ်အားထက်သန်နေပါတယ်။ ဒီနေ့ ကြိုတင်သွားတဲ့အတွက် ထိုင်းနိုင်ငံမှာ ဒီဇင်ဘာလ ၃ ရက်ကစပြီး လေ့ကျင့်မှုတွေလုပ်ဆောင်နိုင်မှာဖြစ်တဲ့အတွက်ပြိုင်ပွဲအနေအထားနဲ့ အသားကျသွားမှာပါ။ ပြိုင်ပွဲမှာ ကနူး/ကယက် လှေတွေနဲ့ ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အသုံးပြုမယ့်လှေတွေက ကွန်တိန်နာတွေနဲ့ ကြိုတင်ရောက်ရှိနေပါပြီ" ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ကနူး/ကယက်လှေလှော်နည်းပြဦးသက်လွင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းတွင် နည်းပြသုံးဦး၊ အားကစားသမား ၁၇ ဦး ပါဝင်ပြီး မြန်မာနိုင်ငံအသင်းအနေဖြင့် ပြိုင်ပွဲစတင်သည့် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ ပြိုင်ပွဲအမျိုးအစားအလိုက် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ဒီဇင်ဘာလ ၁၀ ရက်တွင် မီတာ ၅၀၀ ပြိုင်ပွဲယှဉ်ပြိုင်မှုပွဲစဉ် လေးပွဲ၊ ဒီဇင်ဘာလ ၁၁ ရက်တွင် မီတာ ၂၀၀ ပြိုင်ပွဲ ယှဉ်ပြိုင်မှုပွဲစဉ်သုံးပွဲနှင့် ဒီဇင်ဘာလ ၁၂ ရက်တွင် မီတာ ၂၀၀ ပြိုင်ပွဲ ပွဲစဉ်သုံးပွဲ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော့်အဖွဲ့အနေနဲ့ ကမ္ဘောဒီးယားဆီးဂိမ်းပြီးတဲ့ အချိန်ကနေ ဆက်လက်ပြီး စခန်းသွင်းလေ့ကျင့်မှုတွေ ဆောင်ရွက်ခဲ့တာပါ။ အဲဒီလိုစခန်းသွင်းလေ့ကျင့်မှုတွေမှာ အရင်လက်ရွေးစင်ဟောင်းတွေအပြင် ပြည်နယ်နဲ့တိုင်းဒေသကြီး ပြိုင်ပွဲတွေက လူသစ်တွေကိုလည်း ရွေးချယ်စုဖွဲ့ပြီးတော့ လေ့ကျင့်စေခဲ့တာဖြစ်ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ ကနူး/ကယက်လှေလှော်အဖွဲ့အနေနဲ့ အင်တိုက်အားတိုက်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အထူးသဖြင့် အဓိကပြိုင်ဘက်တွေဖြစ်တဲ့ အိမ်ရှင်နိုင်ငံ၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတို့ကို သတိထားယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲမှာ မြန်မာ၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နဲ့ တခြားနိုင်ငံတွေကလည်း ပါဝင်ယှဉ်ပြိုင်ကြမှာပါ" ဟု နည်းပြ ဦးသက်လွင်ဝင်းက ရှင်းပြသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များစွာရရှိထားပြီး ယခုကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များစွာထပ်မံဆွတ်ခူးပေးနိုင်ရန် မျှော်မှန်းကြိုးပမ်းလျက်ရှိသည်။

"ပွဲစဉ် ၁၀ ပွဲထဲက အမျိုးသားကနူးလှေပြိုင်ပွဲမှာ မီတာ ၅၀၀ အမျိုးသားတစ်ယောက်လှော်၊ မီတာ ၂၀၀ အမျိုးသားနှစ်ယောက်လှော်၊ မီတာ ၂၀၀ အမျိုးသားကနူးအမျိုးသမီးနှစ်ယောက်လှော် မီတာ ၂၀၀၊ ကနူးအမျိုးသမီးနှစ်ယောက်လှော် မီတာ ၅၀၀ စတဲ့ ပြိုင်ပွဲငါးပွဲ၊ ကယက်လှေပြိုင်ပွဲမှာ မီတာ ၂၀၀ အမျိုးသားနှစ်ယောက်လှော်၊ မီတာ ၂၀၀ အမျိုးသားလေးယောက်လှော်ဆိုပြီး သီးသန့်ပြိုင်ပွဲနှစ်ပွဲရှိပါတယ်။ ကျား/မပေါင်းယှဉ်ပြိုင်ရတဲ့ မီတာ ၂၀၀ အမျိုးသား/အမျိုးသမီးနှစ်ယောက်လှော်၊ မီတာ ၅၀၀ အမျိုးသား/အမျိုးသမီးနှစ်ယောက်လှော်၊ မီတာ ၅၀၀ အမျိုးသား/အမျိုးသမီး လေးယောက်လှော်ဆိုပြီး ပြိုင်ပွဲငါးပွဲနဲ့ စုစုပေါင်းပြိုင်ပွဲ ၁၀ ပွဲကို နိုင်ငံကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်သွားမှာပါ။ အားကစားပြိုင်ပွဲဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နဲ့ စည်းလုံးညီညွတ်မှုကိုပြသတဲ့ ပုံရိပ်တစ်ခုပါ။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့အနေနဲ့ အစဉ်အမြဲ ဆုရရှိနေတာဖြစ်တဲ့အတွက် (၃၁)ကြိမ်မြောက်ပြိုင်ပွဲမှာလည်း အောင်ပန်းနှင့်အတူ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်တွေပွေ့ပိုက်သယ်ဆောင်ပြီး ပြန်လာနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု နည်းပြဦးသက်လွင်ဝင်းက ပြောကြားသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ-ဇွဲမာန်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၁

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၄) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့စစ်ရေးပြ အခမ်းအနားကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုများပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ ပြုလုပ်ရာ တပ်မတော်(ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေများ၊ ဝတ်စားဆင်ယင်မှုအကောင်းဆုံး ဆုရရှိကြသူများ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့်အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ကြသည်။ ထို့ပြင် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ပါဝင်မဲပေးနိုင်ရေးအတွက် ဒို့အတူတူမဲပေးကြမယ်အစီအစဉ်များ စတင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မီဒီယာနည်းလမ်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲတွင် ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေး **"ဒို့အတူတူမဲပေးကြမယ်"** ရွေးကောက်ပွဲလှုံ့ဆော်မှုများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ မြို့ကြီးများရှိ လူစည်ကားရာနေရာများတွင် **"ဒို့အတူတူ မဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့"** Billboard များ စိုက်ထူခြင်း၊ တက္ကသိုလ်/ကောလိပ်များ၊ လူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ရန်ကုန်မြို့ရှိ YBS ကားများတွင် ကြော်ငြာများ ကပ်ခြင်းများဆောင်ရွက်၍ ပြည်သူများ မဲရုံများသို့သွားရောက်၍ မဲပေးနိုင်ရေး လှုံ့ဆော်မှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

ဆေးဖက်ဝင်မန်ကျည်းသီးအစွမ်း

မန်ကျည်းသီးသည် သွေးသန့်စေပြီး အရေပြားမှစ၍ အစာခြေစနစ်အထိ အထောက်အကူပြုသည်ဟုဆိုကြသည်။ မန်ကျည်းစေ့ကလည်း ဆေးဖက်ဝင်ပါသည်။ မန်ကျည်းပင်၏အရိုပ်သည် အေးမြပြီး ရွှဲနုမှစ၍ ရွက်ကြမ်းဘဝ၊ အသီး၊ အပွင့်၊ အခေါက်၊ အမြစ်စသည့် မန်ကျည်းတစ်ပင်လုံး လိုအပ်သလို အသုံးပြုနိုင်သည်။

မန်ကျည်းသီးစိမ်း

မန်ကျည်းသီးစိမ်းသည် ရာသီစာသီးနှံဖြစ်သည်။ မန်ကျည်းသီးစိမ်းကို ကြော်၍ဖြစ်စေ၊ ထောင်း၍ဖြစ်စေ၊ မန်ကျည်းသီးစိမ်းငါးပိချက်ဖြစ်စေပြုလုပ်၍ စားသုံးနိုင်ပါသည်။

မြန်မာ့ဆေးကျမ်းပါ မန်ကျည်းသီးအစွမ်း

မန်ကျည်းသီးသည် ပူ၏၊ ချဉ်၏၊ သည်းခြေကိုဖြစ်စေ၏။ သလိပ်ကိုပွားစေ၏။ လေကိုနိုင်၏။ မန်ကျည်းရွက်သည် ရောင်တင်းခြင်း၊ သွေးဖောက်ပြန်ခြင်း၊ နားရောဂါ၊ မျက်စိရောဂါ၊ မြွေဆိပ်သင့်ခြင်းတို့ကိုနိုင်၏။ အသီးစိမ်းသည်ချဉ်၏၊ ချို၏၊ ပူ၏၊ သလိပ်ကိုဖြစ်စေ၏။ အနည်းငယ်ဝမ်းသက်စေနိုင်၏။ မန်ကျည်းသီးစိမ်း အနုသည် သည်းခြေကိုပျက်စေ၏။ အဆိပ်သင့်သော အနာကိုပျောက်ကင်းစေပြီး သလိပ်နာ၊ သည်းခြေနာကိုနိုင်၏။ အရွက်သည် ချဉ်၍ဖန်သောအရသာရှိ၏။ ဓာတ်လေးပါးတို့၏ အခိုးအကင်းကိုနိုင်၏။ အအေးအာပေါအတွက် ဓာတ်စာဖြစ်၏။ အေး၊ ဖန်၊ အာပေါဓာတ်စာဖြစ်၍ အေး၊ ချဉ်၊ ဖန်သောအရသာရှိပြီး ဆီးများ၊ လေချွဲပ်၊ ဝမ်းချုပ်စေတတ်၏။ အစာကြေခြင်း၊ သွေးလေကိုကြေစေ၏၊ ဟုဆိုထားသည်။

ဝမ်းချုပ်တတ်သူများအနေဖြင့် မန်ကျည်းမှည့်ကို မန်ကျည်းဖျော်ရည်ပြုလုပ်ပြီးသောက်သုံးပေးပါက ဝမ်းပုံမှန်သွားစေသည်။ နေပူမိုပြီး မျက်လုံးများကျိန်းအောင့်နာပါက မန်ကျည်းပင်၏အခေါက်ကိုသွေး၍ မျက်လုံးတစ်ဝိုက်တွင် ကွင်းပြီး လိမ်းပေးခြင်းဖြင့် မျက်စိနာရောဂါကို သက်သာစေသည်။ မန်ကျည်းပွင့်နှင့် ထန်းလျက်ရောစားပါက သွေးဝမ်းသွားခြင်းကို ရပ်စေနိုင်သည်။ မန်ကျည်းမြစ်ကို ဆားဖြင့်သွေး၍လိမ်းပေးပါက ရေယုန်ကိုသက်သာပျောက်ကင်းစေသည်ဟု မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားပါသည်။

အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေနိုင်

မန်ကျည်းသီးသည် အမျှင်ဓာတ်ကြွယ်ဝသည့်အသီးဖြစ်သောကြောင့် ဝမ်းမှန်စေပြီး အစာအိမ်နှင့် အူလမ်းကြောင်းကို သန့်စင်စေသည်။ မန်ကျည်းသီးက အသည်း၊ အူမကြီးနှင့် တခြားအစာခြေအင်္ဂါအစိတ်အပိုင်းများကို ကျန်းမာစေပြီး မန်ကျည်းသီးကို နေ့စဉ်စားသုံးပေးပါက အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။

သွေးလည်ပတ်မှုကောင်းမွန်စေနိုင်

မန်ကျည်းသီးတွင် သံဓာတ်ကြွယ်ဝစွာပါဝင်မှုကြောင့် သွေးလည်ပတ်မှုကို ကောင်းမွန်စေသည်။ မန်ကျည်းသီးက သွေးနီဥဆဲလ်များကိုတိုးစေသည့် သံဓာတ်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးသည်။ ဆဲလ်များနှင့်အင်္ဂါအစိတ်အပိုင်းများဆီသို့ အောက်ဆီဂျင်ထောက်ပံ့ပေးမှုကိုလည်း အထောက်အကူပြုပါသည်။

အာရုံကြောလုပ်ငန်းစဉ်များကို တိုးတက်စေနိုင်

အသက်အရွယ်ရလာသည်နှင့်အမျှ သိမြင်မှုလုပ်ငန်းစဉ်များ ကောင်းမွန်စေရန် သဘာဝအစားအစာများအပေါ် မှီခိုလာရပါသည်။ အာရုံကြောစနစ်ကို တိုးမြှင့်ပေးသည့် အစားအစာများထဲတွင် မန်ကျည်းသီးလည်းပါဝင်ပါသည်။ မန်ကျည်းသီးတွင် အာရုံကြော၏လုပ်ငန်းစဉ်များနှင့် မှတ်ဉာဏ်ကိုတိုးစေသော ဗီတာမင်-B6 ကြွယ်ဝစွာပါဝင်သည်။

ဆီးချိုထိန်းညှိရာတွင် အထောက်အကူပြုနိုင်

မန်ကျည်းသီးက သွေးတွင်းအချိုဓာတ်ထိန်းညှိခြင်းကို အထောက်အကူပြုသည်။ မန်ကျည်းသီးက သကြားဓာတ်နှင့် အဆီဓာတ်များဖွဲ့စည်းမှုကို ဖြစ်ပေါ်စေနိုင်သည့် ကာဗိုဟိုက်ဒရိတ်စုပ်ယူမှုကို နှေးကွေးစေနိုင်သကဲ့သို့ အင်ဆူလင်ပမာဏကိုလည်းတိုးစေနိုင်ပါသည်။ ဆီးချို ဝေဒနာရှင်များအနေဖြင့် မန်ကျည်းသီးစားသုံးပေးနိုင်သည်။

ကိုယ်ခံအားစနစ်ကိုတိုးမြှင့်စေနိုင်

မန်ကျည်းသီးတွင် ဆဲလ်များနှင့် ကိုယ်တွင်းအင်္ဂါများကို ပြင်ပမှဓာတုပစ္စည်းများကြောင့် ထိခိုက်မှုမရှိအောင်ကာကွယ်ပေးပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဗီတာမင်- C တို့ ကြွယ်ဝစွာပါဝင်သည်။ မန်ကျည်းသီးတွင် ရောင်ရမ်းမှုကိုတိုက်ဖျက်နိုင်သည့်အစွမ်းရှိပြီး ဗက်တီးရီးယားများကို တိုက်ဖျက်နိုင်ကာ ကိုယ်ခံအားစနစ်တိုးတက်စေရန်လည်း အထောက်အကူပြုသည်။

သွေးသန့်စေနိုင်

မန်ကျည်းသီးတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များ၊ နေ့စဉ်လိုအပ်သည့်အမျှင်ဓာတ်နှင့် ဗီတာမင်-C တို့ ကြွယ်ဝစွာပါဝင်မှုကြောင့် သွေးသန့်အောင် လုပ်ဆောင်ပေးပါသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝစွာပါဝင်နေသောကြောင့် Free Radicals များကို တိုက်ဖျက်ပေးပြီး သွေးသန့်စေပါသည်။

နှလုံးကျန်းမာစေနိုင်

မန်ကျည်းသီးက နှလုံးကိုကောင်းမွန်စေပြီး ကိုလက်စထရောကို ထိရောက်စွာထိန်းညှိပေးနိုင်ပါသည်။ ခန္ဓာကိုယ်အတွက် မကောင်းသော ကိုလက်စရော(LDL)ကို ကျဆင်းစေပြီး ကောင်းသောကိုလက်စထရော(HDL)ကို တိုးတက်အောင်လုပ်ဆောင်ပေးပါသည်။ ပိုတက်ဆီယမ်ကြွယ်ဝစွာပါဝင်မှုကြောင့် သွေးပေါင်ချိန်ကိုထိန်းညှိပေးပါသည်။ ဗီတာမင်-C ကြွယ်ဝမှုကလည်း နှလုံးသွေးကြောစနစ်အပေါ် ဖိအားသက်ရောက်မှုကို လျော့ကျစေပါသည်။

ဝက်ခြံလျော့ပါးစေနိုင်

မန်ကျည်းသီးသည် အရေပြားရောင်ရမ်းခြင်းနှင့် ဝက်ခြံများကို သက်သာစေပါသည်။ မန်ကျည်းသီးတွင် အသက်အရွယ်ကြောင့်ဖြစ်သည့် အမည်းစက်များကို လျော့ပါးစေပြီး ချွေးပေါက်များတွင်ပိတ်ဆို့နေသော အညစ်အကြေးများကိုဖယ်ရှားနိုင်သော အစွမ်းသတ္တိများရှိသည့်အပြင် Alpha Hydroxy Acids ဓာတ်ပစ္စည်းပါဝင်မှုကြောင့် အိုမင်းရင့်ရော်ခြင်းကို တားဆီးပေးပါသည်။

မန်ကျည်းသီး၏ဆိုးကျိုးများ

မန်ကျည်းသီးသည် ကျန်းမာရေးကို အထောက်အကူပြုသကဲ့သို့ ဆိုးကျိုးသက်ရောက်မှုများလည်းရှိပါသည်။ အကိုက်အခဲပျောက်ဆေး၊ Ibuprofen နှင့် သွေးကျဲဆေးမှီဝဲနေရသူများအနေဖြင့် မန်ကျည်းသီးကို လုံးဝမစားသင့်ပေ။ သွေးယိုစီးမှုဖြစ်နိုင်ခြေကို တိုးစေနိုင်သောကြောင့် အဆိုပါဆေးဝါးများကို မှီဝဲနေသူများအနေဖြင့် မန်ကျည်းသီးလုံးဝမစားသင့်ပါ။ မန်ကျည်းသီးကို အလွန်အကျွံစားသုံးပါက သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေပြီး(Hypoglycemia)သွေးတွင်းသကြားဓာတ်လျော့နည်းခြင်းကို ဖြစ်ပေါ်စေနိုင်သောကြောင့် တစ်ရက်ကို မန်ကျည်းသီး ၁၀ ဂရမ်ထက် ပိုမစားသင့်ပါ။

မန်ကျည်းသီးနှင့်ဓာတ်မတည့်လျှင် ဖြစ်တတ်သောရောဂါများ

မန်ကျည်းသီး ဓာတ်မတည့်မှုရှိပါက အရေပြားတွင် အနီအပိမ့်များထွက်ခြင်း၊ အော့အန်ခြင်းများ ဖြစ်စေနိုင်သောကြောင့် မစားသင့်ပါ။ မန်ကျည်းသီးတွင် အက်စစ်ဓာတ်ပါသောကြောင့် အလွန်အကျွံစားသုံးပါက သွားကြွေလွှာကိုပျက်စီးစေနိုင်ခြင်း၊ သည်းခြေကျောက်တည်ခြင်း၊ သွေးအားနည်းစေကာ သံဓာတ်အားနည်းခြင်းတို့ဖြစ်စေသည်။ မန်ကျည်းသီးကို မကြာခဏစားသုံးခြင်းဖြင့် အစာခြေစနစ်အတွင်း အက်စစ်ပမာဏကိုတိုးစေပြီး အစာအိမ်အချဉ်ပေါက်မှုကို ဖြစ်ပေါ်စေနိုင်သည်။ မန်ကျည်းသီးက သွေးတွင်းသကြားဓာတ်ကိုကျဆင်းစေပြီး သွေးချိုထိန်းညှိမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် ဆီးချိုရောဂါရှိသူများအနေဖြင့် သွေးတွင်းသကြားဓာတ်ကို သေချာစောင့်ကြည့်ပြီးမှသာ စားသုံးပေးသင့်ပါသည်။ ခွဲစိတ်ကုသမှုခံယူနေစဉ်အတွင်းနှင့် ခွဲစိတ်ကုသမှုခံယူပြီးချိန်တို့တွင် သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေနိုင်သောကြောင့် ခွဲစိတ်ကုသမှုခံယူမည့်သူများအနေဖြင့် ခွဲစိတ်ကုသမှုမခံယူခင် နှစ်ပတ်အလိုကပင် မန်ကျည်းသီး လုံးဝမစားဘဲနေရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မန်ကျည်းသီးမှည့်ကို အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့ရောင်းချရသည့်အပြင် ပြည်တွင်း၌လည်း စားသုံးမှုများသဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သောသီးနှံဖြစ်ပြီး နိုင်ငံခြားဝင်ငွေရရှိနိုင်ခြင်း၊ အစားအစာများထုတ်လုပ်မှုတွင် အဖိုးတန်အသုံးဝင်သကဲ့သို့ ဆေးဖက်ဝင်ခြင်းတို့ကြောင့် ကျန်းမာရေးကိုအထောက်အကူပြုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

ကန်ကြီးထောင့်မြို့နယ်၌ စာသင်ကျောင်းအခြေပြုမီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

ကန်ကြီးထောင့် ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်မီးသတ်ဦးစီးဌာနမှကြီးမှူးပြီး ကျောင်းသား၊ ကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာ၊ ဗဟုသုတများတိုးပွားစေရန်အတွက် စာသင်ကျောင်းအခြေပြုမီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာလ ၃၀ ရက်က တကုန်းကြီးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်စိုးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်အလက်များနှင့် မီးဘေးအန္တရာယ်တွေ့ကြုံလာပါက မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ရာ၌ မီးသတ်ဆေးဘူးအသုံးပြုနည်းများကို စနစ်တကျ ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များက အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြှိမ်းသတ်နည်းနှင့် မီးငြှိမ်းသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

(၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲဖြေဆို

ပဲခူး ဒီဇင်ဘာ ၁

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုမှကြီးမှူးကျင်းပသည့် (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲကို နိုဝင်ဘာလ ၂၉ ရက်က ပဲခူးမြို့၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး YMBA အသင်း၌ကွင်း၌ ဦးလှတင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ဖြေဆိုနေမှုကို ပဲခူးတိုင်းဒေသကြီး YMBA အသင်း၌ကွင်း၌ ဦးလှတင်ဦးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ရှိ ကြေးနီကန်စာသင်တိုက်၊ မွန်ပိဋ္ဌကတိုက်နှင့် အမှတ်(၇)မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့သို့သွားရောက်ပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုမှကြီးမှူးကျင်းပသည့် (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲဖြေဆိုနေကြသည့် ကျောင်းသား၊ ကျောင်းသူများအား လိုက်လံကြည့်ရှုအားပေးသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုမှ ကြီးမှူးကျင်းပသည့် (၇၆)ကြိမ်မြောက်(၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာဖြေဌာန ၁၄ ခု၌ ကျောင်းသား၊ ကျောင်းသူ ၂၅၄၇ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ (၄၀၁)

မဲပေးခွင့်ရှိသူများ မကျန်စေရေး ကွင်းဆင်းဆောင်ရွက်

ကဝ ဒီဇင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ မဲဝင်ရောက်ပေးနိုင်ရေးနှင့် မကျန်ရှိစေရေးအတွက် နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းက တစ်အိမ်တက်ဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မဲစာရင်းစိစစ်ကြီးကြပ်ရေးအဖွဲ့၊ မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များပူးပေါင်း၍အဖွဲ့ ၃၂ ဖွဲ့ခွဲကာ ရပ်ကွက်/ကျေးရွာများသို့ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့်အမည်စာရင်းနှင့် မဲစာရင်းတွင်ပါဝင်သည့် အမည်စာရင်းမှန်/မမှန်၊ မဲစာရင်း၌မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်းမပါဝင်သင့်ဘဲပါဝင်နေပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄/က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥဿာတိုင်းသား

ကျောက်ပန်းတောင်းမြို့၌ သုတဓမ္မစာမေးပွဲကျင်းပ

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပညာဘူမိတက္ကသိုလ်မှကြီးမှူးကျင်းပသည့် သုတဓမ္မစာမေးပွဲကြီးကို နိုဝင်ဘာလ ၃၀ ရက် မွန်းလွဲပိုင်းက ဘူတာရုံကွက်ရှိ မြို့နယ်လုံးဆိုင်ရာ ဓမ္မာဗိမာန်တော်ကြီး၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အဆိုပါ သုတဓမ္မစာမေးပွဲကို ကျောက်ပန်းတောင်းမြို့ သာသနာ့ရက္ခိတအသင်းကြီးမှ ကမကထပြုဆောင်ရွက်ခြင်းဖြစ်ပြီး သုတဓမ္မစာမေးပွဲ Level-1 ကို နိုဝင်ဘာလ ၂၉ ရက်က ကျင်းပပြီး နိုဝင်ဘာလ ၃၀ ရက်တွင် နောက်ဆုံးနေ့အဖြစ်ဖြေဆိုကြခြင်းဖြစ်သည်။

မန္တလေးစာဖြေဌာန- ၆ (ကျောက်ပန်းတောင်း)၌ နိုဝင်ဘာလ ၂၉ ရက်က Level-1 ဖြေဆိုသူ ၁၂၂ ဦး၊ B.A part-3 ဖြေဆိုသူနှစ်ဦး စုစုပေါင်း ၁၂၄ ဦးရှိပြီး နိုဝင်ဘာလ ၃၀ ရက်တွင် Level-2 ဖြေဆိုသူ ၇၀ ဦး၊ Level-3 ဖြေဆိုသူ ၇၈ ဦး၊ B.A Part-1 ဖြေဆိုသူ ၂၈ ဦးနှင့် B.A Part-2 ဖြေဆိုသူ ၁၄ ဦး စုစုပေါင်း ၁၉၀ ဦး ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ရွှေကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းသင်တန်းဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကကြီးမှူးကျင်းပသည့် သတင်းမီဒီယာသင်တန်းအမှတ်စဉ်(၅) ၏ ရွှေကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းသင်တန်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွေ့ဒေါင်းခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၂)သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ခေါင်းဆောင် ဦးခင်မောင်ကျော်ဒင်က မိတ်ဆက်စကားပြောကြားကာ ရွှေကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းသင်တန်းမှူး ဦးစိန်တိုး(ဆန်းလင်း)က သင်တန်းပို့ချမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၈၀ ဦး ပါဝင်တက်ရောက်ကြပြီး ဒီဇင်ဘာလ ၁ ရက်မှ ၃ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ ရွှေကောက်ပွဲနှင့်မီဒီယာ၊ ရွှေကောက်ပွဲဆိုင်ရာ အင်္ဂလိပ်စာ၊ ရွှေကောက်ပွဲနှေ့သတင်းရေးသားခြင်း၊ အွန်လိုင်းသတင်းရေးသားခြင်း၊ ရွှေကောက်ပွဲဆိုင်ရာနှင့် ပုံနှိပ်မီဒီယာဥပဒေ၊ ရွှေကောက်ပွဲသတင်းရေးသားခြင်း၊ ရွှေကောက်ပွဲသတင်းအချက်အလက်များ စုစည်းရေးသားခြင်းနှင့် ရွှေကောက်ပွဲရလဒ်များ စုစည်းသတင်းရေးသားခြင်း စသည့် ဘာသာရပ်များကို ဦးမြတ်စိုး(လှိုင်)၊ ဦးခင်မောင်အေး(KMA)၊ ဦးခင်မောင်ကျော်ဒင်(MPC)၊ ဦးအောင်ဇော်မျိုး(ပြန်ကြားရေးဝန်ကြီးဌာန)၊ ဦးတင်မောင်ဦး(ကြို့ပင်ကောက်တင်မောင်ဦး)၊ ဒေါက်တာဇော်သန်း(ဆန်းရှင်ဘွန်း-ဂျပန်)နှင့် ဦးရန်ကျော် (မြန်မာ့အရေးလေ့လာသုံးသပ်သူ) တို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

စွမ်းပြဆောင် စွမ်းမာန်ဝင့်လို့

❖ ဘဝဝယ် တန်ဖိုးမြင့်လို့
ပွဲလယ်တင့် ဝင့်ဖို့ရာ၊
ပညာကြွယ် အသိမြင့်မားမှ
တောက်ကြွားနိုင်မှာ။
ကြိုးစားကြ ငယ်စဉ်ခါ
ပညာရှာ ဘက်စုံပြည့်။
လက်ကမ်းသွယ်
တက်လှမ်းရွယ် အားမာန်လှစ်ရင်း
ထုဆစ်လို့ဖြည့်။

❖ ပြည်နိုင်ငံ တိုးတက်ရေးတွက်
မျိုးဆက်သွေးတို့ တာဝန်ပါ၊
အနာဂတ် ဦးဆောင်ကဏ္ဍာ
စွမ်းပြဖို့ရာ။
ထွန်းတောက်လို့ ထက်မြက်စွာ
အားထားရာ ရင်းမြစ်မို့။
ဘဝအားမာန်
ဗလငါးတန် ဝင့်ထည်ဖြိုးအောင်
ကြိုးစားကြစို့။

❖ ပညာသည်သာ နိုင်ငံအတွက်
တိုးတက်မှု အုတ်မြစ်မှန်၊
ပုံဖော်ရာ နည်းလမ်းကျန
ပင်မအခြေခံ။
နောင်ဝယ်လူကြီး မျိုးဆက်“စံ”
ပြည့်အမွေခံ လက်ဆင့်ကမ်း။
ထက်မြက်ညီညာ
လက်ယှက်ချီကာ
စည်ပင်သာ ဖွံ့ဖြိုးရေးတွက်
အတွေးကြွယ် စွမ်းရည်ပြည့်ဝစွာနဲ့
အနာဂတ်ဝန်တာ ထမ်းဆောင်ရစေဖို့
စွမ်းပြဆောင် စွမ်းမာန်ဝင့်လို့
မောင်မယ်တွေ ဘက်စုံတင့်
မြှင့်ကြ တက်လှမ်း။ ။

ခိုင်ခိုင်နွယ်(ပညာရေး)

MWD Education, Knowledge & Sports Channel

၂-၁၂-၂၀၂၅(အင်္ဂါနေ့)

၁။	၀၇:၀၀ - ၀၈:၃၅	Grade - 4	မြန်မာစာ၊ အင်္ဂလိပ်စာ
၂။	၁၅:၃၀ - ၁၇:၂၀	Grade - 4	သချိုင်း၊ လူမှုရေး၊ သိပ္ပံ
၃။	၁၇:၂၀ - ၁၇:၅၀	Grade - 5	မြန်မာစာ၊ အင်္ဂလိပ်စာ
၄။	၁၇:၅၀ - ၁၉:၂၀	Grade - 5	သချိုင်း၊ လူမှုရေး၊ သိပ္ပံ

သဇင်(FM)အသံလွှင့်အစီအစဉ်

၂-၁၂-၂၀၂၅(အင်္ဂါနေ့)

၁။	၀၈:၀၀	နှလုံးသားဝယ် ဘုရားတည်	၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၂။	၁၁:၅၀	လှပကျန်းမာ	
၃။	၁၄:၅၀	Speech On Air	၆။ ၂၁:၂၀ Memory Box
၄။	၁၆:၀၀	တပ်မတော်စာတိုက်ခန်း	

တောင်ကြီးမြို့၌ ကုသရေးဦးစီးဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများက မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးလျက်ရှိ

တောင်ကြီး ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံခုတင်(၅၀၀)၌ခွဲစိတ်ကုသမှုခံယူပြီးစီးသွားသည့် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၊ သွားနှင့်ခံတွင်းလူနာများအား လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ကြသည်။

အဆိုပါ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၊ သွားနှင့်ခံတွင်းခွဲစိတ်ကုသမှုတွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်များမှ ဝေဒနာရှင် ၂၄ ဦး လာရောက်ခွဲစိတ်ကုသမှုခံယူလျက်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကုသရေးဦးစီးဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများက မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုကို နိုဝင်ဘာလ ၂၇ ရက်မှ ၃၀ ရက်အထိ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံခုတင်(၅၀၀)၌ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စဝ်စံထွန်းဆေးရုံကြီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၁)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် LA စက်ခန်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် Awareness Video Clip ကိုပြသပြီး အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသူများနှင့်ပရဟိတဂေဟာမှ အမျိုးသမီးလေးများက ရိုးရာအကအလှာများဖြင့်လည်းကောင်း၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက အေရိုးဗစ်အကဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ "ဟွထိုက်" အသေးစားရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှု



မုံရွာ ဒီဇင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ "ဟွထိုက်" အသေးစားရေအားလျှပ်စစ်စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ ကုန်ကြမ်းပစ္စည်းများ လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေးနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစီမံကိန်းသည် "ဟွထိုက်" ချောင်းပေါ်တွင် ရေထိန်းတမံတစ်ခုတည်ဆောက်၍ ရေသိုလှောင်ပြီး ရရှိလာမည့် ရေအားအမြင့်ကိုအသုံးပြု၍ ၄ မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ်နာရီ သန်းပေါင်းထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ နာဂရိုးရာယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းများကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မိမိတို့ဌာနများအလိုက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ဒေသခံတောင်သူများအတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ကော်ဖီပျိုးပင်များ၊ ထောပတ်ပျိုးပင်များနှင့် မက္ကဆေးမီးယားပျိုးပင်များအား ပေးအပ်ခဲ့ကြပြီး ခရိုင်/မြို့နယ် ဒေသအဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တာဝန်ရှိသူများထံ ငွေကျပ် ၁၀ သိန်းစီကို ပေးအပ်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးအဖွဲ့(၁၉)မှ တာဝန်ယူဆောင်ရွက်နေသည့် ခန္ဓီး - ဆင်သေ - လဟယ်လမ်းပိုင်း ၅၃-၅၄ ကီလိုမီတာကြားရှိ ထိန်ညိုတောင်ရှခင်းသာအား လမ်းသားနှိမ့်ချ၍ ၂၄ ပေအကျယ်ချဲ့ကာ ကွန်ကရစ်လမ်းခင်းကျင်းမည့်နေရာ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ခန္ဓီး-ဆင်သေ-လဟယ်လမ်းပိုင်း ၆၀-၆၉ ကီလိုမီတာကြားရှိ အလျားပေ ၃၀၊ အနံ ၅ ပေ Box Culvert တည်ဆောက်နေမှု၊ ၇၉-၈၀ ကြားရှိ မြေတောင်လမ်းချဲ့ခြင်းနှင့် အလျားပေ ၃၀၊ အနံ ၅ ပေ Box Culvert တည်ဆောက်နေမှုများအားလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

မကွေးတက္ကသိုလ်၊ မကွေးပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု ကြည့်ရှုစစ်ဆေး

မကွေး ဒီဇင်ဘာ ၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတက္ကသိုလ်၌ ၂၀၂၄ ပညာသင်နှစ် အဝေးသင် သင်တန်းဘွဲ့ရရှိသည့် ဘွဲ့ရမောင်မယ်များ ဘွဲ့ဝတ်ရုံထုတ်ယူနေမှုနှင့်မကွေးတက္ကသိုလ်ရှိဘာသာရပ်အလိုက် စာသင်ဆောင်များနှင့် စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုပြီး စာသင်ခန်းများတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးပညာရေးဒီဂရီကောလိပ် ပညာဗိမာန်ခန်းမ၌ ကျောင်းအုပ်ကြီး၊ သင်ကြားရေးအဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပညာရေးဒီဂရီကောလိပ်ရှိ စာသင်ခန်း၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းများကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားရေး ဆရာ၊ ဆရာမများအတွက် ထပ်မံတိုးချဲ့ဆောက်လုပ်ပေးမည့် Recreation centre၊ စာသင်ဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့်မြေနေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မကွေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများဖြစ်သည့် အမှတ်(၁)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများ၊ RADIO INTERNATIONAL SCHOOLနှင့် FAMILY ကိုယ်ပိုင်ကျောင်းတို့၏ စာသင်ခန်းများ၊ စာကြည့်တိုက်များနှင့် အားကစားကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်းများတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ သင်ကြားရေးအဖွဲ့ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေး အတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(United Nations Population Fund-UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူMr. Jaime Nadal Roig အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ ဒီဇင်ဘာလ ၁ ရက် နံနက် ၁၀ နာရီတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် UNFPA ၏မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်လုပ်ငန်းအစီအစဉ်များအကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် UNFPA မှ ငလျင်ဘေးသင့်ဒေသများအတွက် Dignity Kits များထောက်ပံ့ပေးခဲ့မှု၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား ဝန်ဆောင်မှုပေးသည့် စင်တာ (One Stop Women Support Centre- OSWSC)များတွင် အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် UNFPA မှ ထောက်ပံ့ပေးနေမှု၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့် ဗီဇာဆိုင်ရာကိစ္စများ ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုနှင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့အကြား ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်းအစီအစဉ် Workplan အား သက်တမ်းတိုးလက်မှတ်ရေးထိုး၍ လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြဝတီ

၁-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ရုံးချုပ်မှ Senior Fund Portfolio Manager Ms. Qi Cui ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄)၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက အိပ်ချိန်ဆိုင်ဗီဗိုးကူးစက်ရန်အန္တရာယ်ရှိသော ဦးတည်အုပ်စု၀င်များအတွက် ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အိပ်ချိန်ဆိုင်ဗီဗြစ်ပွားမှုနှုန်း မြင့်မားသည့် ဦးတည်အုပ်စု၀င်များ ပိုမိုလက်လှမ်းမီနိုင်ရန်လူထုအခြေပြု အိပ်ချိန်ဆိုင်ဗီဗိုပဏာမစစ်ဆေးခြင်းနှင့် အိပ်ချိန်ဆိုင်ဗီဗိုရှိ/မရှိ မိမိကိုယ်တိုင်ပဏာမသွေးစစ်ဆေးခြင်းများကိုလည်း ဦးတည်အုပ်စု၀င်များအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် "ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့" ဆောင်ပုဒ်ဖြစ်တဲ့ **"Overcoming disruption, transforming the AIDS response" "AIDS ရောဂါတိုက်ဖျက်ဖို့ အခက်အခဲများကိုဖြေရှင်းလို့ အတူပူးပေါင်းဆောင်ရွက်စို့"** ဆိုသည့်အတိုင်း အိပ်ချိန်ဆိုင်ဗီဗိုကာကွယ်ကုသရေး ဝန်ဆောင်မှုများကို လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရန်အတွက် ဦးတည်အုပ်စု၀င်များ၊ အိပ်ချိန်ဆိုင်ဗီဗိုပိုးရှိသူများအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံး လက်တွဲပြီး အခက်အခဲများပူးပေါင်းဖြေရှင်းကာ အိပ်ချိန်ဆိုင်ဗီဗို/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့်ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား/ကျောင်းသူများကို ဆုချီးမြှင့်ခြင်း၊ မြန်မာလူငယ်ကြယ်ပွင့်များအိပ်ချိန်ဆိုင်ဗီဗိုလျော့ချရေးအသင်းအလုပ်အမှုဆောင်ဥက္ကဋ္ဌက အိပ်ချိန်ဆိုင်ဗီဗိုပိုးနှင့်နေထိုင်သူများကိုယ်စား ဆွေးနွေးပြောကြားခြင်းနှင့် မြန်မာနိုင်ငံတွင် အိပ်ချိန်ဆိုင်ဗီဗို/ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်းတင်ဗီဒီယိုကိုကြည့်ရှုပြီး ဒုတိယဝန်ကြီးနှင့် ဧည့်သည်များက အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ နိုးနွဲ့ယဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်သူလူထုအခြေပြုကွန်ရက်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (The Global Fund) ရုံးချုပ်မှ Senior Fund Portfolio Manager Ms. Qi Cui ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၆ ခုနှစ်အတွက် ဝန်ကြီးဌာနနှင့် The Global Fund တို့အကြား ပူးပေါင်းဆောင်ရွက်မည့် တီဘီရောဂါ၊ ခုခံကျကာလသားရောဂါနှင့် ၎က်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ၊ အောအာတီဆေးဝါးများ၊ တီဘီဆေးဝါးများနှင့်

ဆက်လက်ပြုလုပ်ရန်ရှိသော ကိုယ်စားလှယ်များ ဆွေးနွေးတိုင်ပင်ရန်အတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ The Global Fund မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"တိုင်းပြည်၏အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကိုခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ၃-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ၁၀-၁၂-၂၀၂၅ ရက်မွန်းလွဲ ၁ နာရီတွင် **"ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ကမ်းလှမ်းချက်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင်ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထို့နောက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များသည် လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာရှိ သာသနာ့ဇေယျံကျောင်းတိုက်၌ အခြေပြု၍ ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၈ ဦး၊ ခွဲစိတ်ရောဂါ ၃၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၃၈ ဦး၊ အရိုးရောဂါ ၉၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၅၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၂ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၅၁၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၅၅ ဦး၊ သွားနုတ်/သွားဖာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦး တို့ကို ရောဂါရှာဖွေကုသကိုက်တာပေါ့ထလို့ထိုင်လို့မကောင်းဘူးပေါ့။ မကောင်းတဲ့ကြားထဲက အဲလိုကိုယ့်အိမ်မှာကိုယ် အလုပ်လုပ်နေတာပဲပေါ့နော်။ ဆေးသောက်လိုက်ဆေးထိုးလိုက်အဲလိုပဲ နေရတာပဲ။ အခုလိုပဲ လူတွေအများကြီးပဲ လာလာပြကြပါတယ်။ ရွှေပုဇွန် သင်္ဘောကြီးလာပြီဆို အစောကြီးကတည်းက သတင်းကြည့်ထားတာပေါ့။ ဘယ်တော့လာမလဲဆိုတာ သိကြတာပေါ့နော်။ အခြားသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

“အရိုးအကြောမကောင်းလို့လာပြတာပါ။ ကြာပြီ အနှစ် ၂၀ ကျော်ပြီ အဲဒီလိုပဲ ကောင်းလိုက်မကောင်းလိုက်နဲ့ပေါ့။ အခုမျက်စိလည်းပြဖို့လာတာ မျက်စိတော့မပြရသေးဘူး။ အရိုးအကြောတော့ ပြပြီးသွားပြီ။ အရိုးလေ။ တချို့တွေဆို လပွတ္တာမြို့ထိ သွားမကုနိုင်တဲ့သူတွေ အများကြီးရှိသေးတယ်။ ဝမ်းသာတာပေါ့ ကိုယ့်ရွာမှာ ဒီလိုလာပြီးတော့ ဆေးကုသပေးတာ အခမဲ့လာကုသပေးတော့ ဝမ်းသာတာပေါ့”ဟုပြောသည်။

“ဒုးနာလို့လာပြတာပါ။ ဒုးနာတာတော့ လေးငါးခြောက်လလောက်ရှိပါပြီ။ ဒီဒုးနာတဲ့ဝေဒနာကထော့နဲ့ထော့နဲ့ သွားနေရတာ ဘယ်လိုမှ အဆင်မပြေဘူးလေ။ အခုလိုမျိုး တစ်ပါးမသွားနိုင်တဲ့သူတွေ ဒီမှာကုရတာ ဆေးထိုးပေးတယ်ဆို ကောင်းသွားတယ် ဆိုရင် ကျွန်မတို့လောက်ပျော်ဘဲ့သူ ရှိတောင် မရှိဘူး။ ကိုယ့် ရွာကိုယ့် နယ် ကလူတွေ ဒီလိုမျိုးကုသနိုင်ဖို့ဆိုတာ မလွယ်ဘူးလေ။ ဝမ်းလည်းဝမ်းသာပါတယ်။ ဒီအဖွဲ့ကိုလည်း ကြိုဆိုပါတယ်။ ပျော်လည်းပျော်ပါတယ်။ ကျေးဇူးလည်းအများကြီးတင်ပါတယ်။ ဘယ်တော့မှလည်းမမေ့ပါဘူး စိတ်ထဲမှာလည်း အမြဲတမ်းမှတ်ထားပါတယ်”ဟုပြောသည်။ (၁၀၀)



(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အပြီးသတ်ကစားသမား ၂၃ ဦးရွေးချယ်

ရန်ကုန် ဒီဇင်ဘာ ၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဦးကြည်လွင်၊ နည်းပြချုပ်-ယုကီတက်ဆုရို (ဂျပန်)၊ လ/ထနည်းပြ-ဒေါ်သက်သက်ဝင်း၊ ဒေါ်စန်းစန်းသိန်း၊ ဒေါ်သူဇာထွေး ဂိုးနည်းပြ-ဦးစိန်အေး၊ အားကစားသမားများအဖြစ် ဂိုးသမား-မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ ဇူးလတ်နဒီ (အား/ကာသိပ္ပံ)၊ အိစန္ဒာဇော် (ဧရာဝတီ)၊ နောက်တန်း-ဇွန်ယုယဦး (ဧရာဝတီ)၊ ဖြူဖွေး (ရန်ကုန်ယူနိုက်တက်)၊ ယုယုနိုင်(ရန်ကုန်ယူနိုက်တက်)၊ လင်းလဲ့ဦး (အား/ကာသိပ္ပံ)၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ နှင်းပွင့်အေး (အား/ကာသိပ္ပံ)၊ မေသက်မွန်မြင့်(သစ္စာအားမာန်)၊ အလယ်တန်း-လင်းမြင့်မိုရ်(အား/ကာသိပ္ပံ)၊ ဖြူဖြူဝင်း (ဧရာဝတီ)၊ နော်ထက်ထက်ဝေ (ဧရာဝတီ)၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ ဝင်းဝင်း (သစ္စာအားမာန်)၊ ရွှေရည်ထွန်း(အား/ကာသိပ္ပံ)၊ ခင်မာလာထွန်း(အား/ကာသိပ္ပံ)၊ ရူပါခိုင် (ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-ဝင်းသိဂီထွန်း(ဆာဘား-မလေးရှား)၊ စန်းသော်သော် (ဧရာဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်)၊ မေထက်လူ (SFVFC-အမေရိကန်) တို့ ပါဝင်ကြသည်။

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) တွင် အိမ်ရှင်ထိုင်း၊ တီမော၊ အင်ဒိုနီးရှား၊ အုပ်စု (B)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့ ပါဝင် သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာလ ၅ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာလ ၈ ရက်တွင် မလေးရှားအသင်း၊ ဒီဇင်ဘာလ ၁၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ဓာတ်ပုံ-MFF**

မသန်သော်လည်း စွမ်းပါသည်

ဆုလတ်မေ

မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်။ သို့သော် မသန်သော်လည်း စွမ်းရမည်ဟူသောဆောင်ပုဒ်ကို လူတိုင်းသိရှိကြမည်ထင်သည်။ ကျန်းမာသန်စွမ်းမှုမရှိသော လူတစ်ဦးသည် လုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းရည်ရှိတတ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ မသန်စွမ်းသူများ၏လုပ်ရည်ကိုင်ရည်များ တိုးတက်မြင့်မားလာစေရန် ၎င်းတို့၏ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးရပိုင်ခွင့်များအပြည့်အဝရရှိရေးဆောင်ရွက်ပေးရန်မှာ လူသားအားလုံး၏ တာဝန်ဖြစ်သည်။

နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ (International Day of persons with Disabilities)အဖြစ် ကုလသမဂ္ဂက ၁၉၉၂ ခုနှစ်မှစ၍ သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ဘဝအရည်အသွေးပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရန်နှင့် မသန်စွမ်းသူများ၏ဂုဏ်သိက္ခာနှင့်စွမ်းဆောင်ရည်တို့ကို အလေးထားဂရုပြုတတ်စေရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်ပြီး အစဉ်အလာမပျက် ကျင်းပခဲ့သည်မှာ ၂၀၂၄ ခုနှစ်အထိ (၃၁)ကြိမ် ကျင်းပပြီးခဲ့ပြီးဖြစ်သည်။ ထို့ပြင် အရှေ့တောင်အာရှတွင် အခမ်းနားဆုံးဖြစ်သော မသန်စွမ်းသူများညီလာခံကို ကျင်းပခဲ့ရာတွင်လည်း မသန်စွမ်းကိုယ်စားလှယ်များတက်ရောက်ကာ ယနေ့ထိတိုင်လည်းကျင်းပဆဲဖြစ်သည်။

အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစီမံချက်

မသန်စွမ်းသူများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အလုပ်အကိုင် စသည့်အခွင့်အလမ်းများအား လက်လှမ်းမီရရှိနိုင်မှုနည်းပါးလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်လျက်ရှိသဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးများအား ကဏ္ဍစုံတွင်ရရှိနိုင်မှု သေချာစေရေးအတွက် ကုလသမဂ္ဂကမသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာမဟာဗျူဟာလုပ်ငန်းစီမံချက်(၂၀၂၂-၂၀၂၇)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ပိုမိုကောင်းမွန်သောရေရှည်ဖွံ့ဖြိုးတိုးတက်သည့် အကျိုးရလဒ်များဖြစ်ပေါ်စေရန်အတွက် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးနည်းဥပဒေကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ဥပဒေ၊ နည်းဥပဒေများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် အမျိုးသားအဆင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီများကိုလည်း ထပ်မံဖွဲ့စည်းနိုင်ခဲ့သည်။

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတစ်ဘီလီယံကျော်သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းမှုတစ်မျိုးမျိုးကို တွေ့ကြုံခံစားနေကြရသည်။ ယင်းမသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြောင်း ကမ္ဘာ့ဘဏ်ကဆိုသည်။ လတ်တလောတွင် မသန်စွမ်းသူများသည် ပညာရေးအားနည်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနိမ့်ကျခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ဆင်းရဲမှုနှုန်းမြင့်မားခြင်း စသည့်ဆိုးရွားသောလူမှုစီးပွားဘဝအခြေအနေများကို ကြုံတွေ့ရနိုင်ခြေပို၍များပြားနေကြောင်း ကုလသမဂ္ဂက ဆိုသည်။ ဆင်းရဲမှုကြောင့် အာဟာရချို့တဲ့မှု၊ ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်ရန် အနေအထားမပြည့်စုံမှု၊ ဘေးကင်းသောလုပ်ငန်းခွင်အခြေအနေ၊ ညစ်ညမ်းသောပတ်ဝန်းကျင်အခြေအနေတို့သည် မသန်စွမ်းဖြစ်နိုင်ခြေများတိုးလာစေလျက်ရှိသည်။ မသန်စွမ်းမှုဖြစ်လာစေနိုင်သည့် အခြားအချက်များတွင် အလုပ်အကိုင်နှင့်ပညာရေးအခွင့်အလမ်းများနည်းပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်းနှင့်မသန်မစွမ်းနေထိုင်မှုစရိတ်စကများ မြင့်တက်လာခြင်းတို့လည်းပါဝင်သည်။

မသန်စွမ်းသူများအနေဖြင့် လူမှုရေးနှင့်စီးပွားရေးတွင် အပြည့်အဝပါဝင်နိုင်ရေးအတွက် အခက်အခဲများရှိနေဆဲဖြစ်ကြောင်း တွေ့နေရသည်။ ယင်းအခက်အခဲများတွင် လက်လှမ်းမမီနိုင်သည့်ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် သယ်ယူပို့ဆောင်ရေး၊ အထောက်အကူပစ္စည်းများနှင့် နည်းပညာများမရရှိနိုင်မှု၊ လိုက်လျောညီထွေမဖြစ်သည့်ဆက်သွယ်မှုနည်းလမ်းများ၊ ဝန်ဆောင်မှုဆိုင်ရာမညီမျှမှုများနှင့် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံခံရသော မလိုမုန်းထားမှုနှင့် အရှက်ရစေမှုများကိုတွေ့ရသည်။

မသန်စွမ်းသူများ၏အခြေခံအကြောင်းရင်းများတွင် အလုပ်လုပ်ရန်ဆန္ဒရှိပြီး စွမ်းဆောင်ရည်များရှိသော်လည်း အလုပ်ရှင်အများစုက ငြင်းပယ်သဖြင့် အလုပ်လုပ်ရန်အလွန်ခက်ခဲသူများအဖြစ် လေ့လာသိရှိရသည်။ မသန်စွမ်းကလေးသူငယ်များ၏အခြေအနေမှာလည်း သုံးဦးလျှင် နှစ်ဦးမှာ ကျောင်းမတက်နိုင်ကြဘဲ ၃၆ ရာခိုင်နှုန်းသာ စာရေးစာဖတ်တတ်ခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများနှင့် မိသားစုဝင်များအတွက် ကုလသမဂ္ဂချမှတ်ထားသောစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၁၇)ရပ် (၂၀၁၆-၂၀၃၀)အောင်မြင်ရေးသည် အရေးကြီးသကဲ့သို့ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရန် လိုအပ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်မသန်စွမ်းမှုတို့မှာ ဟန်ချက်ညီဖြေရှင်းကြရမည့် စိန်ခေါ်မှုတစ်ခုဖြစ်သည်။

နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိမှု

မသန်စွမ်းသူများသည် ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးတို့သည် အရေးကြီးသည်။ နိုင်ငံတော်အစိုးရနှင့် ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ကြိုးစားမှုစွမ်းအားများကြောင့် မသန်စွမ်းသူများ၏ လှုပ်ရှားမှုများသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်မှုများရှိလာခဲ့ပြီးဖြစ်သည်။ ပန်းချီ၊ ဓာတ်ပုံပြပွဲပြိုင်ပွဲများ၊ ပိုးဇာပုံနှိပ်၊ ကြိမ်ထိုး၊ ဆံသ၊ ကွန်ပျူတာ၊ အနှိပ်ပညာ စသည်ဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံတော်မှလည်း မသန်စွမ်းသူများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာမဟာဗျူဟာ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းရေးလုပ်ငန်းများ၊ မသန်စွမ်းအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအရင်းမပျောက်မတည်ကို တိုးပွားအောင်ဆောင်ရွက်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ(ရန်ကုန်)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်၊ မန္တလေး)၊ ကြည့်မြင်တိုင်မျက်မြင်ကျောင်း(ရန်ကုန်)၊ စစ်ကိုင်းမျက်မြင်ကျောင်း(စစ်ကိုင်း)၊ နားမကြားကလေးများကျောင်း(ရန်ကုန်၊ မန္တလေး)၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)ဟူ၍ သင်တန်းကျောင်း(၈) ကျောင်းကို ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ မသန်စွမ်းကလေးသူငယ်များ၏အခွင့်အရေးများဆိုင်ရာအသိပညာပေးသင်တန်းများ၊ မသန်စွမ်းမှုအမျိုးမျိုးနှင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတိုင်းတာစစ်ဆေးပံ့ပိုးခြင်းဝန်ဆောင်မှု(Early Childhood Intervention Services- ECI)ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မသန်သော်လည်း စွမ်းပါသည်

မသန်စွမ်းသူများအား မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် အခြားနယ်ပယ်အသီးသီးရှိ လူမှုအဖွဲ့အစည်းများတွင် ချန်လှပ်ထားခြင်းမျိုးမပြုဘဲ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်စေရေး အားလုံးကြိုးစားဆောင်ရွက်သွားကြမည်ဖြစ်သည်။ မသန်စွမ်းသူများအနေဖြင့်လည်း စိတ်ဆင်းရဲအားငယ်မှုများမဖြစ်ကြဘဲ ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

မသန်စွမ်းသူများသည် မျက်စိမမြင်၊ နားမကြားသော်လည်း မိမိတို့စွမ်းရည်ကို ပြသနိုင်သူများဖြစ်သည်။ ကိုယ်လက်အင်္ဂါချို့တဲ့သော်လည်း လူသာမန်များကဲ့သို့ စွမ်းဆောင်နိုင်သူများဖြစ်သည်။ ဥပမာဆိုရလျှင် မသန်စွမ်းတစ်ဦးဖြစ်သော Stephen William Hawking သည် Cambridge တက္ကသိုလ်မှဒေါက်တာဘွဲ့ရရှိထားသော ကမ္ဘာကျော်ရူပဗေဒပညာရှင်တစ်ဦးဖြစ်သည်။ ထို့အတူ ပါရှားနိုင်ငံမှ မသန်စွမ်းမိန်းမငယ်လေးတစ်ဦးဖြစ်သော Fatemeh Hamami Nasrabadi သည် ပန်းချီကားများကို ခြေထောက်ဖြင့်ရေးဆွဲပြီး ကမ္ဘာပေါ်ရှိခြေထောက်ဖြင့်ဆွဲထားကြသည့်ပန်းချီများအနက် လူသိများသော နာမည်ကြီးပန်းချီဆရာမတစ်ဦးဖြစ်သည်။ မြန်မာ့သမိုင်းကို လေ့လာကြည့်လျှင်လည်း ထိပ်တန်းစာဆိုကြီး စလေဦးပုညသည် လက်တစ်ဖက်မသန်စွမ်းသူဖြစ်ကြောင်းသိရသည်။ သို့ဖြစ်၍ မသန်စွမ်းများကို လူအများကလျစ်လျူရှု၍မနေသင့်ဘဲ မိမိတို့စွမ်းသမျှ ကူညီရမည်ဖြစ်သည်။ လက်တွဲခေါ်ယူဖေးမကြရမည်ဖြစ်သည်။ နောင်လာမည့်အနာဂတ်တွင် မသန်စွမ်းသူများအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်လာနိုင်စေမည့် နည်းလမ်းများကို ရှာဖွေကြံဆပေးကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ဘဝကံအကျိုးပေးအရ မသန်စွမ်းဖြစ်ကြရကာ လူ့အသိုင်းအဝိုင်း၏လျစ်လျူရှုမှုကိုခံကြရသည့် မသန်စွမ်းသူများမှာ လောကအကျိုး၊ နိုင်ငံ့အကျိုးကိုမသန်သော်လည်း စွမ်းဆောင်နိုင်သူများဖြစ်ရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင်ကျရောက်မည့်အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ (International pay of Persons with Disabilities)ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စများ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

စွမ်းအင်ထိန်းကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်း၌ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်မောင်းဆီများကိုယ်တိုင်ထုတ်လုပ်နိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကာလတွင် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ခြင်း မရှိသေးသည့်အတွက် ပြည်ပမှတင်သွင်းနေရကြောင်း၊ လက်ရှိ ပြည်ပမှ ဝယ်ယူသုံးစွဲနေသည့် အချိန်တွင် အဓိကအားဖြင့် ပြည်သူလူထုအနေဖြင့် ဈေးနှုန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ထိခိုက်နစ်နာမှုမရှိစေရေး အထူးဦးစားပေးဆောင်ရွက်ပေးရန် မိမိတို့တွင် တာဝန်ရှိကြောင်း၊ ပြည်ပမှ စက်သုံးဆီများတင်သွင်းရာတွင် တင်သွင်းလာသည့် စက်သုံးဆီများ၏ အရည်အသွေးပြည့်မီမှန်ကန်မှုရှိစေရေး အရေးကြီးကြောင်း၊ စက်သုံးဆီဖြည့်ဆည်းမှုကွင်းဆက်အတွင်း ကြပ်မတ်စစ်ဆေးသည့်အခါတွင် လူကြောင့်အားနည်းမှုများ မဖြစ်ပေါ်စေရေး နည်းပညာအသုံးပြု၍ ကြပ်မတ်စစ်ဆေးမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းခဲ့သည်မှာ အချိန်ကာလတစ်ခုရှိသော်လည်း လက်တွေ့ဆောင်ရွက်နိုင်မှုမရှိသေးသည်ကို တွေ့ရှိရကြောင်း။

ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် ယခုလာရောက်ကြည့်ရှုစစ်ဆေးခြင်း ဖြစ်ကြောင်း၊ ဦးစွာ Terminal များမှစ၍ Auto Tank Gauging (ATG) စနစ်များကို တပ်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူနှင့် လုပ်ငန်းရှင်များမှပူးပေါင်း၍ ပြည်သူ့အကျိုးရှေးရှုပြီး လက်တွဲညီစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးနှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြည်ပစက်သုံးဆီတင်သင်္ဘောမှ စက်သုံးဆီများလက်ခံချယူသိုလှောင်နေမှု၊ သိုလှောင်ကန်စခန်းများတွင် Auto Tank Gauging (ATG) စနစ်တပ်ဆင်၍ Control Room မှ စက်သုံးဆီများ ဖြန့်ဖြူးပေးနေမှုနှင့် လက်ကျန်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် သဘာဝဓာတ်ငွေ့ရည်သိုလှောင်သင်္ဘော (Floating Storage Unit-FSU) နှင့် သဘာဝဓာတ်ငွေ့ရည်ကို ဓာတ်ငွေ့ပြန်လည်ပြုလုပ်သောစက်ရုံ(Regasification Unit) တို့၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ရည်(LNG)မှ ဓာတ်ငွေ့ပြန်လည်ထုတ်ယူသုံးစွဲရာတွင် ထွက်ရှိလာသည့် ဓာတ်ငွေ့မှာ သန့်ရှင်းမှုရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်ကြောင်း၊ ထို့ပြင် အပူစွမ်းအင်လည်းအလွန်မြင့်မားသည့်အတွက် လျှပ်စစ်ဓာတ်အား ပိုမို၍ ထွက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ LNG ကို ကမ္ဘာ့နိုင်ငံများတွင် အဓိကစွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုနေကြရာ လာမည့်ဆယ်စုနှစ်အတွင်း LNG သုံးစွဲမှုသည် များစွာတိုးမြှင့်လာမည်ဟု ခန့်မှန်းထားရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် LNG အသုံးပြုသည့်နည်းပညာပိုင်းနှင့်ပတ်သက်၍ လေ့လာသင်ယူပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး သဘာဝဓာတ်ငွေ့ရည်သိုလှောင်သင်္ဘောနှင့် သဘာဝဓာတ်ငွေ့ရည် (LNG) ကို သဘာဝဓာတ်ငွေ့ပြန်လည်ပြုလုပ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသည့် စက်ရုံလုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တွင် ဆောင်ရွက်လျက်ရှိသည့် ရေနံချက်စက်ရုံသစ် စီမံကိန်းအတွက် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သီလဝါဆိပ်ကမ်းမှသန်လျင်ရေနံချက်စက်ရုံသို့ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေသည့် Myan Oil Terminal ၌ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ပေးမည့် ပိုက်သွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပိုက်သွယ်တန်းခြင်းလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် သန်လျင်ရေနံချက်စက်ရုံ သစ်စီမံကိန်းလုပ်ငန်းများ၊ သီလဝါဆိပ်ကမ်းမှ စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူရောက်ရှိတပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(သာကေတ)၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲအတွင်းရှိသိုလှောင်ကန်များနှင့် Jetty များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဂျုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၈ ဦးအား ဆေးဝါးကုသမှုများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့်ဇရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့သို့ရောက်ရှိနေသည့်တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ငပုတောမြို့နယ်၊ ဂျုတ်ကောင်းမြို့၊ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ ဂျုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူ ၄၄၈ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၉၈ ဦး၊ ခွဲစိတ်ရောဂါ ၄၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၂ ဦး၊ ကလေးရောဂါ ၃၁ ဦး၊ အရိုးရောဂါ ၇၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀ ဦး၊ မျက်စိရောဂါ ၉၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၇ ဦး၊ စုစုပေါင်း ၄၄၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၉ ဦး၊ သွားနုတ်/သွားဖာ ၄၈ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၃ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများသည် ယနေ့ နံနက်ပိုင်းတွင် ဂျုတ်ကောင်းမြို့အခြေခံပညာအထက်တန်းကျောင်း၌ “နှလုံးနှင့်သွေးကြောဆိုင်ရာ ကျန်းမာရေး”၊ “ကျန်းမာဖွံ့ဖြိုးညာဏ်ရည်တိုး” ခေါင်းစဉ်များဖြင့် ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်းနှင့်ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး၊ ကျောင်းသား၊ ကျောင်းသူများအတွက် သန်ချဆေးနှင့်အားဆေးများကို ပေးအပ်ခဲ့သည်။

၎င်းအပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဇရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိကျေးရွာများနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်းဖြစ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“မြို့နယ်အုပ်ချုပ်ရေးမှူးတွေကကျွန်တော့်

အစ်ကိုတွေကိုပြောတာပေါ့။ ဒီသင်္ဘောလာဖို့ရှိတယ်မွေးမလားပေါ့။သွားပြီးစစ်ဆေးကြည့်လည်းရတယ်ပေါ့။ အဲဒါနဲ့လာဖြစ်သွားတာ။ ခံစားရတာတော့ ရင်တွေလည်းတအားတုန်တယ်။ အခုလို ကလေးရောမိခင်ပါ ကျန်းမာတဲ့အတွက်၊ အဆင်ပြေအောင်လုပ်ပေးတဲ့အတွက် အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ သွားရေးလာရေး၊ စားဖို့သောက်ဖို့အကုန်လုံးပေါ့။ အိပ်ဖို့ကအစ အကုန်လုံးလုပ်ပေးတယ်။

ဆေးရုံကနေပြီးတော့ကမ်းနားလေ့မကူးခင်ကားနဲ့ပေါ့။ကားနဲ့ခေါ်ပေးတယ်။အဲဒီကနေစက်လေ့နဲ့ ဒီသင်္ဘောဆီကို အဆင်ပြေအောင်လို့ခေါ်ပေးပါတယ်။ ဆရာဝန်နဲ့တွေ့တော့ ဆရာဝန်က မိခင်ကိုတော့ စစ်တာပေါ့။ သူ့အခြေအနေကြည့်ပြီးတော့ Ultrasound သွားရိုက်ခိုင်းတယ်။ သွေးစစ်ဘာညာလုပ်ပြီးတော့ ခွဲမှာလားမေးတယ်။ ခွဲမယ်ဆိုတော့ ဒီကိုတစ်ခါတည်းဆက်လာတာပေါ့။ မိခင်ရောကလေးပါ

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ကျန်းမာပါတယ်။ ဆရာဝန်ကြီးတွေရောအကုန်လုံးကို ကျေးဇူးတင်ပါတယ်။ ကိုယ့်ကလေးမြင်ရတော့လည်း ပျော်လည်းပျော်တယ်၊ ပီတိလည်းဖြစ်တာပေါ့” ဟု ပြောသည်။

“ဒီနေ့ဟောပြောပွဲကတော့ ကျွန်တော်တို့အတွက် အကျိုးကျေးဇူးအများကြီးရပါတယ်။ ကျောင်းသားတစ်ဦးတော်ဖို့ဆိုရင် ကျန်းမာဖို့အရေးကြီးတယ်။ ပြီးတော့ အာဟာရပြည့်အောင် စားရပါမယ်။ ကိုယ်လက်လှုပ်ရှားလုပ်ရမယ်။ အခုလိုမျိုး ဂျုတ်ကောင်းဒေသကိုလာပြီးတော့ အခမဲ့ဆေးကုသပေးတဲ့အတွက် ကျွန်တော်တို့တွေ အများကြီး ကျေးဇူးတင်ပါတယ်။ နောက်နောင်ကိုလည်း လာပေးစေချင်ပါတယ်”ဟု ပြောသည်။ (၁၀၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)၌ အိမ်ထောင်သည် လိုင်းခန်းအတွင်းရှိ ရဲမေများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး နေ့လယ်စာသုံးဆောင်အပြီးတွင် သင်တန်းသူ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) သို့ရောက်ရှိရာ လေ့ကျင့်ရေးဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ရဲအရာရှိများအား လေ့ကျင့်ပေးနေသည့် ကျောင်းများနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးနေသည့်ကျောင်းများ၏သမိုင်းအကျဉ်း၊ ဗဟိုမီးသတ်သင်တန်းကျောင်း သမိုင်းအကျဉ်းကို လည်းကောင်း၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) ကျောင်းအုပ်ကြီးနှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) ကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းများအလိုက် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့မှု၊ စာပေပညာ၊စစ်ပညာနှင့်ကြွံခိုင်ရေးဘာသာရပ်များသင်ကြားလေ့ကျင့်ပေးလျက်ရှိမှု၊ သင်တန်းကျောင်းများအလိုက် ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှု အခြေအနေများ၊ သင်တန်းများအလိုက် လက်တွေ့လေ့ကျင့်ခန်းများဆောင်ရွက်လျက်ရှိမှုနှင့် လေ့ကျင့်ရေးအဆောက်အအုံများ၊ အထောက်အကူပြုယာဉ်များဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြည်သူ့ဆက်ဆံရေးကောင်းမွန်၍ အလေ့အကျင့်ကောင်း(Good Practice) ရှိသော ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရဲတပ်ဖွဲ့ဝင် အရာရှိများနှင့် အခြားအဆင့်များ၏ လေ့ကျင့်ရေးကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသည့်အဖွဲ့အစည်းများဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများနှင့်ထိတွေ့ဆက်ဆံနေရသည့်အဖွဲ့အစည်းများဖြစ်သဖြင့် ပြည်သူ့အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများကို စဉ်ဆက်မပြတ်မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်း (Good Practice) များရရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့လေ့ကျင့်ဆောင်ရွက်ပေးရာတွင် ဝတ်စားဆင်ယင်မှုစည်းကမ်းမှအစ နေ့စဉ်ဆက်ဆံရေးကောင်းမွန်ရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရဲဥပဒေများကို သာမက ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ထုတ်ပြန်ထားသည့် ဥပဒေများအားလုံးကို မရှိမဖြစ်သိရှိနားလည်နေရန်လိုအပ်သဖြင့် ဥပဒေအသိပညာများကိုသင်ကြားပေးရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြည်သူများနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရကြောင်း၊ ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်အတွက်တပ်ပြင်စည်းရုံးရေးပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း၊ အသိပညာအားနည်းသည့်သူများအနေဖြင့် ဥပဒေကို လိုက်နာမှုအားနည်းကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာဒေသအလိုက် ပြည်သူများ၏စည်းကမ်းလိုက်နာမှုကိုကြည့်၍ စည်းကမ်းထိန်းသိမ်းမှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရဲတပ်ဖွဲ့ဝင်များကသာ ဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်များမြင့်မားလာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **"အစကောင်းမှ အနှောင်းသေချာ"** ဆိုသည့် အတိုင်း ဆောင်ရွက်ရမည့် နိစ္စဓူဝလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ သမားစဉ်ဆောင်ရွက်ရမည့် ကျန်းမာကြံ့ခိုင်မှုလေ့ကျင့်ခန်းများဆောင်ရွက်နိုင်ရေး၊ ဝတ်စားဆင်ယင်မှုများစနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏အမြင်ကောင်းမွန်စေရေး တာဝန်ထမ်းဆောင်ချိန်များတွင် အရက်၊ ဆေးလိပ်၊ ကွမ်းသုံးစွဲမှုများကို တစ်ဦးချင်းထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်းများရရှိစေရေး သင်တန်းကျောင်းများမှစတင်၍ အခြေခံမှအစ လေ့ကျင့်ဆောင်ရွက်၍ ယုံကြည်ချက်၊ ခံယူချက်ကောင်းများရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ **"ကူညီပါရစေ"** ဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဆောင်ပုဒ်အတိုင်း ပြည်သူများကအားကိုးရသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ အတွေးအခေါ်များကောင်းမွန်တိုးတက်စေရေး စာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

အုပ်ချုပ်မှုနှင့်ပတ်သက်၍ အုပ်ချုပ်မှုများညီညွတ်မှုတနေရန် လိုကြောင်း၊ ဦးစီးမနေသင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ ထိုသို့သင်ကြားနိုင်ရန်အတွက်လည်း ကိုယ်ခန္ဓာများကြံ့ခိုင်သန်စွမ်းနေရန်လိုကြောင်း၊ ရဲတပ်ဖွဲ့သည် နိုင်ငံအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်ကောင်းများ မွေးထုတ်ပေးသွားရန်လိုကြောင်း၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ နိုင်ငံတာဝန်ထမ်းဆောင်မှုများအပေါ် တွင်လည်း လေးစားအသိအမှတ်ပြုရန်လိုပြီး အချင်းချင်းညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဓာတ်ဖြင့် အတူတကွ တာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အများစားသုံးနိုင်သည့် အသား၊ ငါး၊ ဥနှင့် သီးနှံများကို အဓိကထားစိုက်ပျိုးမွေးမြူသွားရန်လိုကြောင်း၊ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာသော ရဲအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲသင်တန်းသူများ၊ ဆရာမများနှင့် ဝတ်စုံတင်ကြသူများ၊ ရဲဘော်ရဲဘက်များ၊ ဧည့်သည်များအား ဂုဏ်ပြုဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

❖ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်းများရရှိစေရေး သင်တန်းကျောင်းများမှစတင်၍ အခြေခံမှအစ လေ့ကျင့်ဆောင်ရွက်၍ ယုံကြည်ချက်၊ ခံယူချက်ကောင်းများရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လို၊ "ကူညီပါရစေ"ဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဆောင်ပုဒ်အတိုင်း ပြည်သူများကအားကိုးရသည့်ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကိုလိုနီခေတ်တွင် အသုံးပြုခဲ့သည့် ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများနှင့် ရဲတပ်ဖွဲ့တံဆိပ်၊ ပခုံးတံဆိပ်များ၊ လက်ရှိအသုံးပြုလျက်ရှိသည့် ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများ၊ အဆင့်တံဆိပ်များနှင့်ဝတ်စုံများ၊ ရဲတပ်ဖွဲ့သုံးလက်နက်များ၊ မှတ်တမ်းဓာတ်ပုံများနှင့်ပြည်ပနိုင်ငံများမှပေးပို့သည့် အမှတ်တရပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည်သင်တန်းကျောင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ၿငိးနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သင်တန်းကျောင်း စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် သင်တန်းသားများဗဟုသုတတိုးပွားစေရေးအတွက်စာအုပ်စာစောင်များဖတ်ရှုစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စာကြည့်တိုက်အတွင်း စာအုပ်များစနစ်တကျထားရှိရန်နှင့် သုတ၊ ရသ စာအုပ်စာစောင်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည်လိုင်းခန်းအတွင်းရှိ ရဲမေများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ သင်တန်းသားများအား သင်တန်းများလေ့ကျင့်သင်ကြားပေးလျက်ရှိမှု၊ မန္တလေးငလျင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးခဲ့သည့်စာသင်ဆောင်များအား ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် နီလာခန်းမနှင့်မဟော်သဓနခန်းမတို့အား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ သမိုင်းအကျဉ်း၊ တည်နေရာ၊ တက္ကသိုလ်၏ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များ၊ လေ့ကျင့်ရေးနှစ် (၁)နှစ်အတွင်း လေ့ကျင့်ပေးရန်လျာထားမှု၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအား လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိမှု၊ ၁၉၉၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သင်တန်းများဖွင့်လှစ်သင်ကြားခဲ့မှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ သင်တန်းများဖွင့်လှစ်လေ့ကျင့်ပေးခဲ့မှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ဌာနများအလိုက်ဝန်ထမ်းများဖွဲ့စည်းခန့်အပ်ထားရှိမှု၊ သင်တန်းသားများအား သင်တန်းများလေ့ကျင့်သင်ကြားပေးလျက်ရှိမှု၊ မန္တလေးငလျင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များအား ပြန်လည်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံများနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပြီး သင်တန်းသားများနှင့်ဝန်ထမ်းများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် သင်တန်းများအလိုက် သင်တန်းအချိန်ခွဲဝေမှု၊ သင်တန်းအဆင့်သတ်မှတ်ချက်များ၊ သင်ခန်းစာများခေတ်စနစ်နှင့်လျော်ညီမှုရှိစေရေးနှင့် တက္ကသိုလ်များ၏ မျှော်မှန်းချက်များအတိုင်းဖြစ်စေရေး ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ခွင့်မဆုံးရှုံးစေရန်အတွက် သင်တန်းသားအရေအတွက် ပိုမိုလေ့ကျင့်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဗဟိုဝန်ထမ်းတက္ကသိုလ်သည် ယခင်ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ဆိုရှယ်လစ်ခေတ်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင်တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့်တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ သို့သော် နိုင်ငံ့ဝန်ထမ်းဦးရေအရ လုံလောက်မှုမရှိသေးသဖြင့် လက်ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းသားဦးရေများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့်သင်တန်းများတက်ရောက်ပြီးမှသာ ရာထူးတိုးခြင်းများကို ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ဝန်ကြီးဌာနအားလုံးရှိ နိုင်ငံ့ဝန်ထမ်းများအားလုံး ပုံစံတကျဖြစ်စေရန်အတွက် ယခုကဲ့သို့နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံကိုကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ရေး အခြေခံစစ်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ **အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဓိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့်စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိလာမည်ဖြစ်**ကြောင်း၊ အလားတူ ဝန်ကြီးဌာနများအားလုံး၏ ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၏ ရည်မှန်းချက်မှာ နိုင်ငံတော်အတွက်လိုအပ်သည့် ဝန်ထမ်းကောင်းများကိုမွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ ယခုနိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေး အမှုထမ်းများ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံဆရာ၊ ဆရာမ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၂) သင်တန်းသူဆရာမများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)၌ သင်တန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သင်တန်းကျောင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်များအပေါ် လမ်းညွှန်မှာကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) သင်တန်းကျောင်းပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

အရာထမ်းများအား ဘာသာရပ်များအလိုက် သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့သင်ကြားပေးရာတွင်လည်း ထိရောက်သည့် သင်ကြားလေ့ကျင့်မှုများဖြစ်ရန်လိုကြောင်း၊ **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်**ကြောင်း၊ **အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကိုချစ်မြတ်နိုးသည့် စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန်လို**ကြောင်း၊ သင်ကြားပေးသည့်ဘာသာရပ်များ ထိရောက်အကျိုးရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများဖြစ်ရန်လိုကြောင်း။

ဥပဒေနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြရန်လိုကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး သူတိုင်းအားလုံး ဥပဒေကိုသိရှိနားလည်ကြရန်လိုအပ်သဖြင့် အခြေခံပညာအဆင့်မှစတင်၍ ဥပဒေအသိပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအားလုံးသည်လည်း အသက် ၁၈ နှစ်ပြည့်ပြီး သူများဖြစ်သဖြင့် ဥပဒေကိုသိရှိနားလည်နေရန်လိုအပ်ပြီး သင်တန်းများဖွင့်လှစ်သင်ကြားရာတွင်ဥပဒေပညာရပ်များကိုထည့်သွင်းသင်ကြားပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးရှိ ရုံးလုပ်ငန်းစဉ်များ၌ စနစ်တကျရှိစေရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှစတင်၍ အခြေခံရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။

သင်တန်းသားများ၏ စားသောက်နေထိုင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ထိုက်သင့်သည့် နှုန်းထားဖြစ်စေရေး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနေဖြင့် သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုများ၏ စားရေးကိုအထောက်အကူပြုစေမည့် ရာသီသီးနှံများကို စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ဝန်ထမ်းများအနေဖြင့်လည်းတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များအတွက် လိုအပ်သည့်ကြက်ဥများ၊ အသားများ လုံလောက်စွာရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျတွက်ချက်မွေးမြူရန်လိုကြောင်းဖြင့်မှာကြားသည်။

❖ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၏ရည်မှန်းချက်မှာ နိုင်ငံတော်အတွက်လိုအပ်သည့် ဝန်ထမ်းကောင်းများကိုမွေးထုတ်ပေးရန်ဖြစ်၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်၊ အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့်ဝန်ထမ်းများ၊ နိုင်ငံကိုချစ်မြတ်နိုးသည့်စိတ်ရှိသည့်ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန်လို . . .

❖ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့်တိုက်ရိုက်ထိတွေ့ရသည့်အဖွဲ့အစည်းများဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်ရခြင်းဖြစ်၊ ပြည်သူများနှင့်ထိတွေ့ဆက်ဆံနေရသည့်အဖွဲ့အစည်းများဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်လို . . .

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နီလာခန်းမနှင့် မဟော်သဓနခန်းမတို့အား လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခတ္တာဆောင်ရှိ သင်တန်းသူအိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ အခြေခံဆရာ၊ ဆရာမ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၂) သင်တန်းသူ ဆရာမများနှင့်အတူ **စာမျက်နှာ ၁၅ သို့** ★

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing inspects Civil Service Academy (Upper Myanmar), Police Officer Training School (Zeebingyi) and Central Fire Services Training School (PyinOoLwin)

NAY PYI TAW December 1

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing, accompanied by SSPC Secretary Joint Executive Chief General Ye Win Oo, members of the entourage, the Mandalay Region Chief Minister and officials, inspected Civil Service Academy (Upper Myanmar), Police Officer Training School (Zeebingyi) and Central Fire Services Training School (PyinOoLwin), in Zeebingyi, PyinOoLwin Township, Mandalay Region this morning.

On arrival at the CSA, the Senior General and party were welcomed by the rector and officials.

At the meeting hall of CSA, Union Civil Service Board Chairman U Soe Min Oo presented a report on the brief history of the academy, location, objectives and functions, planned training sessions within a one-year period, ongoing training sessions for civil servants and teachers, courses conducted from 1999 to 2025, trainings opened at CSAs, organization setup of CSA (Upper Myanmar), courses for trainees, renovation of lecture halls damaged by Mandalay earthquake, cultivation of perennial and seasonal crops, livestock breeding and distribution of the products to civil servants at reasonable prices, time tables of the two CSAs, grading process, reviews and modifications for the curriculum to be in line with the objectives of CSA, increase in the number of trainees to ensure promotion opportunities for civil servants.

Senior General Min Aung Hlaing meets trainees of Civil Service Academy.

Senior General Min Aung Hlaing observes documentary photos at Police Officer Training School.

Senior General Min Aung Hlaing cordially converses with trainees during lunch.

Good employees make a good country

Regarding the report, the Senior General said the CSA was opened as the Central Institute of Civil Service (Phaunggyi) during the period the country was practicing socialism. **The CICS was opened for ensuring unity in political affairs among civil servants and uniformity and system in office functions and rules.** When compared with the population of civil servants, capacity of the courses was still small, so the CSAs have increased the number of trainees and courses. According to the set rules, employees will be promoted only after completing the designated trainings, and this procedure is for ensuring uniformity among the civil servants of all ministries in the future. In this regard, the nation conducted trainings at the CSAs.

Every citizen has the duty to defend the country. To be helpful in national defence, the courses include **basic military training that will provide civil servants with good practical knowledge for obedience, discipline and unity and team work.** Likewise, CSAs are giving lectures for the systematization of office functions, and their goal is to bring about good employees for the country. Currently, CSAs are teaching employees at all levels for systematization of office

See Page - 19►►

►► From Page - 18

functions, rules, administrative functions. But the training methods must be effective. **Only good employees can make a country good. Employees must be trained to have good morale and discipline, stay away from party politics and become good employees.** Lessons at the CSAs must be effective and the curriculum must be aligned with the country.

As the country is advancing towards multi-party democracy, all should have legal knowledge. All the persons who have reached 18 years of age must understand the law, and the legal knowledge has been taught from the basic education level. As civil servants are 18 and above, they too must have knowledge of the law. Hence, the courses must include law subject. The CSA must serve as the base for systematization of the office functions of all ministries and regions and states.

The State is striving to create a reasonable level for office functions of all ministries and regions and states and food and other needs of the trainings. CSAs must grow seasonal crops that will be supportive of the basic needs of trainees and staff and families. And if employees conduct farming on manageable scale, it will be much beneficial for welfare. The CSAs should make careful calculations to conduct livestock farms to provide sufficient number of eggs, meat for trainees and employees and families.

Later, the Senior General and party looked around the CSA on a motorcade, examined Nilar Hall and Mahawthahta Hall damaged by the quake and looked into the requirements.

After inspecting the dormitory at the Khatta Hall, the Senior General and party enjoyed lunch together with trainee teachers of special course No 82 for basic education teachers. After having lunch, they cordially greeted the trainees.

The Senior General and party, upon arrival at the Police Officer Training School (Zeebingyi), were presented with explanations by Commission member and Union Minister for Home Affairs Lt-Gen Tun Tun Naung in the conference hall of the Training Headquarters. The presentations included a brief history of the schools training police officers and other ranks of the police force, as well as a brief history of the Central Fire Services Training School. The principals of the Police Officer Training School (Zeebingyi) and the Central Fire Services Training School (PyinOoLwin) presented information about the training schools, the ability to conduct training courses accordingly, the ongoing teaching and training in academic subjects, military science, and physical fitness subjects, the staffing of the various training schools, the implementation of agriculture and livestock farming operations, the provision of welfare facilities, the status of drinking water and electricity supply, the ongoing practical exercises for the various courses, and the status of training infrastructure and support vehicles.

To foster police force members with good public relations and good practices

Regarding the presentations, the Senior General stated that the training for police force officers and other ranks must be systematically carried out. He noted that police force members and fire service members are organizations that have direct contact with the public and are responsible for upholding the rule of law and security matters. As they are organizations interacting with the public, good public relations are necessary. Police force members need to have an essential understanding of not only police laws but all promulgated laws, including the constitution; therefore, legal knowledge must be taught.

Since police force members carry out duties related to upholding the rule of law and maintaining discipline, they have direct contact with the public. Therefore, to ensure good public relations, public relations and organizational skills must be taught. He pointed out that individuals with less knowledge tend to have weaker compliance with the law. Depending on the level of discipline observance by the public in their respective duty areas, disciplinary measures need to be implemented. As our country is progressing along the democratic path, internal security and the rule of law are primarily upheld by the police force. Therefore, efforts must be made to enhance the capabilities of police force members. In line with the saying **"A good beginning ensures a secure end,"** it is necessary to continuously produce capable and good police force members.

He emphasized that **police force members must be trained to acquire good practices.** In conducting such training, it is necessary to continuously carry out daily routines starting from dress and appearance discipline. Measures must be taken to ensure the ability to perform regular physical fitness exercises and that dress and appearance are systematic. Similarly, to maintain a good public perception of police force members, individuals must restrain themselves from consuming alcohol, smoking, and chewing betel during duty hours. To ensure police force members acquire good practices, training must start from the basic level in training schools, fostering police force members with good beliefs and principles. In accordance with the motto **"May I help you?"** of the Myanmar Police Force, efforts must be made to become good police force members whom the public can rely on. He also mentioned that to improve the thinking of each police force member, they need to read and study books and literature.

Regarding management, he said management must be harmonious and balanced. In carrying out leadership roles, to ensure management is harmonious and balanced, training must start from the sub-inspector course. In carrying out rule of law duties, self-defense skills that will aid police force members must be essentially taught and trained in the training schools. To be able to teach such skills, bodies must be strong and healthy. Since the police force plays a key role for the country, good police force members must be continuously produced. The national service contributions of female force members must also be respected and recognized, and duty should be performed together with a fraternal spirit among colleagues.

For the welfare of police force members and their families, unit-owned and self-reliant agriculture and livestock farming operations must be carried out. Priority should be given to cultivating and rearing meat, fish, eggs, and crops for mass consumption. By successfully implementing unit-owned and self-reliant livestock farming operations, the welfare of force members, trainees, and family members can be enhanced, he instructed.

Subsequently, the Senior General and party toured and inspected the exhibits inside the training school museum. They viewed police force equipment used during the colonial era, police force insignia and shoulder badges, currently used police force equipment, rank insignia and uniforms, police force weapons, record photographs, and commemorative items sent from foreign countries. They provided necessary guidance on the presentations by responsible officials.

Then, the Senior General signed the guest record book of the training school museum.

After that, the Senior General and party toured and inspected inside the training school library. He provided guidance on the presentations by responsible officials, stating that action must be taken to have trainees read books and periodicals to increase their knowledge, that books in the library must be systematically arranged, and that informative and literary books and periodicals must be further supplemented, along with other necessary instructions.

Later, the Senior General and party toured and inspected inside the Central Fire Services Training School (PyinOoLwin) by motor vehicles, cordially greeted the policewomen in the married quarters line, and inquired about and fulfilled necessary requirements.

100

Seven buildings used in online scams, gambling in KK Park Area demolished, 13 illegal buildings in Shwe Kokko Area sealed off, confiscated

NAY PYI TAW December 1

The government of Myanmar has continued to crack down on online scam and gambling operations in the Shwe Kokko and KK Park areas, and inter-departmental teams comprising members of security forces, administrative bodies and local authorities have been raiding illegal buildings and properly destroying devices used in online scam and gambling operations and systematically demolishing buildings used for such purposes.

In doing so, one one-storey illegal building, four two-storey illegal buildings and two four-storey buildings in the Myawady-Maehtawthalay (KK Park- Part-3) area were demolished today, destroying 135 out of 425 buildings in the area and 283 out of 635 illegal buildings in the KK Park Area have been demolished.

Similarly, clearance operations have been conducted since 18 November in the Shwe Kokko area and a total of 61 buildings used in online scam and gambling operations were inspected today but no online scammers and gamblers were found and it was discovered that they had taken their devices used in online scam and gambling operations together with them.

Furthermore, buildings used in online scam and gambling operations in Shwe Kokko have been inspected since 18 November and 140 such buildings have so far been disclosed. The sealing off and confiscation of them have continued and 13 more such buildings were sealed off and confiscated today, totaling 132 of them so far.

During the clearance operations in the Shwe Kokko Area, a total of 1,954 foreigners, who entered Myanmar illegally, have been detained and a total of 3,310 computer sets, 21,870 mobile phones, 102 Starlink receivers, 22 routers and a large number of accessories have been seized and properly destroyed so far with continued clearance operations underway.

A total of 161 more foreigners including 131 Chinese citizens and 30 Pakistan citizens involved in crimes including online gambling and scams were handed over to relevant countries via No.2 Myanmar-Thailand Friendship Bridge on humani-

See Page - 20 ●●

Online scammers and gamblers arrested along with buildings and industrial materials in Taunghteik Village, near the confluence of Dokhtawady River, in Kyaukme Township of Shan State (North)

Buildings used in online scam and gambling at a place near Taunghteik Village, Kyaukme Township.

Security forces burn down buildings used in online scam and gambling at a place near Taunghteik Village, Kyaukme.

The arrested Chinese citizens.

A building under construction at a place near Taunghteik Village, Kyaukme Township.

Seized items used in online scam and gambling.

The arrested Chinese citizens.

NAY PYI TAW December 1

As part of its national responsibility, the government has been actively combatting telecom fraud and online gambling, which pose threats internationally and globally. Efforts are being made to ensure these activities cannot take root within Myanmar by coordinating not only with domestic forces but also with governments of neighbouring countries. On 30 November and today, 28 foreign nationals involved in online scam and gambling activities were arrested along with related equipment and residential buildings used for these online scam and gambling activities near Taunghteik Village, Kyaukme Township of Shan State (North).

Security forces serving security duties in Kyaukme Township raided suspicious buildings near Dokhtawady River, south of Taunghteik Village of Kyaukme Township on 30 November and found the site as operating telecom fraud and online gambling activities. No one participants in the aforesaid activities were found but the security forces confiscated six 60 feet by 30 feet hostels with iron sheet roof and plywood walls, five 60 feet by 30 feet work offices with iron sheet roof and plywood walls, six 60 feet by 30 feet food warehouses with iron sheet roof and plywood walls, one 60 feet by 30 feet work office under construction, one 60 feet by 30 feet hostel under construction, one 80 feet by 15 feet general purpose building, one 80 feet by 10 feet long latrine with plywood walls, one 30 feet by 10 feet four-room hostel, one four-room two-storey building including the ration store, one large generator, five 15 feet high wooden tower, one 20 feet by 10 feet hostel, one 700 feet by 400 feet fenced land plot, 30 All-in-One desktops, 10 Starlink satellite receivers, one Air-cooler, two Xiaomi Wifi devices, one sound box, three power stations, one money-counting machine, three card-cutting machines, computer accessories, and other electrical devices.

Subsequently, while carrying out regional security operation again near Taunghteik Village, the security forces also arrested 10 Chinese nationals operating online fraud and gambling activities to the north of that area. Today, they apprehended another 10 Chinese nationals to the north of Taunghteik Village and eight more Chinese nationals near Ponwoe Village to the north of Taunghteik Village.

Myanmar will continue to broadly suppress online fraud and gambling activities within the country. The government is actively cooperating with neighbouring countries, regional states, and international organizations to identify, arrest, and take strong action against those involved in these operations and the individuals orchestrating them behind the scenes. Consequently, the seized equipment, residential buildings, and sites used for online fraud and gambling have been burned and destroyed. Those apprehended, along with others involved, will be systematically investigated and prosecuted according to the law. Foreign nationals will be handled with humanitarian consideration and in the spirit of international goodwill, and will be repatriated to their respective countries.

100

●● From Page - 19

tarian grounds and for friendship between countries in accordance with the law, rules and regulations today.

From 30 January to 1 December, 2025, a total of 12,945 foreigners, who entered Myanmar illegally, were detained and all of them have been investigated. A total of 10,190 of them have been handed over to their relevant countries via Thailand in accordance with the law, rules and regulations and the remaining 2,755 foreigners are ready to be repatriated to relevant countries while properly taking them into custody.

Photo shows a sealed-off building used for online scam.

Authorities torch items used by online scammers.

The government of Myanmar will continue to coordinate with domestic forces as well as neighbouring governments to prevent online scam and gambling operations not to take root in Myanmar as a national responsibility.

100

Lessons should be learned from the past historical events of the country so as to a modern, developed, stable, and peaceful nation in the future

NAY PYI TAW December 1

Acting President of the Republic of the Union of Myanmar and Chairman of State Security and Peace Commission, Senior General Min Aung Hlaing met instructor officers and trainees from the Civil Service Academy (Upper Myanmar), the Police Officer Training Depot (Zeebingyi) and the Central Fire Services Training School (PyinOoLwin) in Zeebingyi of PyinOoLwin Township in Mandalay Region at the Yadana Hall of the Civil Service Academy (Upper Myanmar) this afternoon.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission,Senior General Min Aung Hlaing meets officials at the Civil Service Academy.

Also present at the meeting were Commission Secretary Joint Executive Chief General Ye Win Oo, Union ministers, the Mandalay Region Chief Minister, senior military officers from the Office of the Commander-in-Chief, the commander of Central Command, rectors, principals, professors, chiefs of divisions, instructors, trainees and officials from the Civil Service Academy, the Police Officer Training Depot, and the Central Fire Services Training School.

On the occasion, the Senior General delivered a speech. He said: Trainees from three training schools came to receive the necessary guidance. These training schools are designed to cultivate competent civil servants, with the understanding that good civil servants lead to a good nation. In any country, governments set policies and civil servants implement them. **While political leadership within the government may change, civil servants continue to carry out their duties according to their responsibilities.** Even if policies differ depending on the ruling party or government, the functions of offices and departments remain unchanged.

All the trainees applied for and were selected as civil servants, and thus have earned the privilege of serving as government employees. As chosen civil servants, they should not live ordinarily but strive to be competent, high-quality civil servants and work diligently to improve their own lives. Since everyone desires progress and a better standard of living, effort and dedication are necessary. Trainees must consistently put in effort throughout the entire duration of their courses. Training schools, for their part, invest significant time and financial resources to train highly competent civil servants. Therefore, trainees should value and actively learn from everything taught during their training.

Civil servants have to accurately understand the political changes occurring in the country. Due to irregularities in the 2020 general election under the multi-party democratic system, Tatmadaw had to perform their duties according to the Constitution (2008). Throughout the country's history, various political systems have been implemented, and since 2010, the nation has followed the path of multi-party democracy that the public has desired. Tatmadaw is an integral part of the State, and its members emerge from the people themselves. Therefore, Tatmadaw has carried out step-by-step measures to follow the path of multi-party democracy desired by the public. Tatmadaw has also led efforts to address political challenges and difficulties faced by the State. It is important for the trainees to thoroughly study and understand the historical political developments experienced in the country.

The independence and sovereignty of the State are fundamental aspects that must be safeguarded across generations. Independence was achieved only through arduous struggle. Politically, Myanmar is situated between two powerful nations and has a complex historical-political background. Differences in the East and West, internal armed conflicts, and the ongoing need for political stability mean that failure to maintain stability could lead to the collapse of the nation. Therefore, the trainees **must learn from the historical experiences of the country to build a modern, developed, stable, and peaceful nation in the future.**

Civil servants must have a broad and thorough understanding of political changes. Before and post-independence periods, there were rivalries between the socialist system and the capitalist system. Due to the colonial administration's divide-and-rule policies and political-ideological differences, armed conflicts among ethnic groups occurred. Even after independence, there were armed conflicts and ideological differences in economic systems. Weaknesses in the management of the socialist system led to economic decline and crises, bringing the country to the brink of governmental collapse. In September 1988, when the existing government had to suspend its operations, Tatmadaw intervened to maintain and take responsibility for the country. After assuming that responsibility, Tatmadaw worked to guide the nation along the multi-party democracy path.

During the 2020 general election under the multi-party democratic system, due to the lack of legal resolutions when electoral irregularities occurred, Tatmadaw had to perform the country's duties in accordance with the 2008 Constitution. From 2021 until the present, during their tenure, political armed conflicts, political blockades, natural disasters, and various difficulties and challenges were overcome through the collective strength of loyal civil servants and responsible citizens.

In a democratic country, elections are extremely important. Therefore, the multi-party democratic general election will be held on 28 December. In preparation for this, measures have already been taken to ensure that the election is free, fair, and conducted with integrity. The election process will be carried out in three parts according to the security situation of the nation. Measures have also been arranged to allow voting through the Myanmar Electronic Voting Machines (MEVM), ensuring that no electoral fraud can occur. **When casting their votes, trainees should choose those who can act in the best interests of the country and regions, uphold Our Three Main National Causes, and work in harmony with Tatmadaw, which is the most stable and enduring institution of the State.**

Regarding the economy, if we review the economic systems practiced over time, there were persistent trade deficits, which were covered by funds obtained from non-trade sources. During the two-term tenure of the democratic governments, trade deficits also existed, and the non-trade funds included foreign loans and financial aid. Only by supporting domestic production could goods be generated, and exports increased. Therefore, during their service to the nation, efforts were made to reduce trade deficits by promoting domestic production. Producing goods is necessary to have the exports needed for trade, and obtaining these exports ensures the foreign currency required by the State, which in turn reduces trade deficits.

Due to the imbalance between demand and supply, foreign currency exchange rates have risen. Therefore, if domestic production can sufficiently meet local needs and surplus products can be exported abroad, it will bring significant benefits to the country. In producing goods, it is necessary to focus on products based on existing domestic agriculture and livestock to enhance output. If essential consumer goods can be produced domestically to meet local demand, it will reduce the use of foreign currency spent on imports. Thus, producing sufficient domestic foodstuff instead of importing them will significantly lower foreign currency expenditures.

The purpose of taking the time to explain in detail like this is to help understand the political changes and the economic situations that have occurred in the country. Trainees have spent time, money, and effort to attend these courses, so it is necessary to genuinely learn and master the knowledge during your training. After completing the training, when it comes time to fulfill your responsibilities in building the future of the nation, trainees should take lessons from past events and apply them in the best possible way.

After the meeting, the Senior General and party cordially greeted the trainees.

100

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာ၊ ဒုဋ္ဌဝတီမြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများအား အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၃၀ ရက်နှင့်ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၈ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကျောက်မဲမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာလ ၃၀ ရက်တွင် ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာ၏ တောင်ဘက် ဒုဋ္ဌဝတီမြစ်အနီးသို့ ရောက်ရှိစဉ် မသက်ဘဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့်နေရာဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင်နေကြသူများအား မတွေ့ရှိရဘဲ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ ရှိ သွပ်မိုး ၃ ထပ်သားကာအိပ်ဆောင် ၆ လုံး၊ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ ရှိသွပ်မိုး ၃ ထပ်သားကာ လုပ်ငန်းဆောင် ၅ လုံး၊ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ ရှိသွပ်မိုး ၃ ထပ်သားကာ **စာမျက်နှာ ၂၃ သို့ ၁**

ကျောက်မဲမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြပုံ။



ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာအား တွေ့ရစဉ်။

ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့် သွပ်မိုး(သုံးထပ်သားကာ) အိပ်ဆောင်များကို တွေ့ရစဉ်။

ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့် စားသောက်ဖွယ်ရာများထားရှိသည့် အဆောက်အအုံနှင့်ဆေးပေးခန်းကို တွေ့ရစဉ်။

ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ ကင်းစောင့်သစ်သားမျှော်စင်များကို တွေ့ရစဉ်။

ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ရာနေရာရှိ လူနေအဆောက်အအုံများကို တွေ့ရစဉ်။

ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ရာနေရာတွင်တွေ့ရှိရသည့် ဆောက်လုပ်ဆဲအဆောက်အအုံအသစ်များကို တွေ့ရစဉ်။

ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

ဖမ်းဆီးရမိခဲ့သည့် တရုတ်နိုင်ငံသားများကိုတွေ့ရစဉ်။

ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ရာနေရာတွင်အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများအားတွေ့ရစဉ်။



ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ရာနေရာတွင်အသုံးပြုခဲ့သည့် မီးစက်များအားတွေ့ရစဉ်။

ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့်လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ အဆောက်အအုံများအား စက်ယန္တရားဖြင့်ဖျက်ဆီးမှုကိုတွေ့ရစဉ်။

၁ စာမျက်နှာ ၂၂ မှအဆက်

အစားအစာသိုလှောင်ရုံ ၆ လုံး၊ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ ရှိဆောက်လုပ်ဆဲလုပ်ငန်းဆောင် ၁ လုံး၊ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ ရှိ ဆောက်လုပ်ဆဲအိပ်ဆောင် ၁ လုံး၊ အလျား ၈၀ ပေ၊ အနံ ၁၅ ပေရှိ ၃ ထပ်သားကာတန်းလျားရှည်အိမ်သာ ၁ လုံး၊ အလျား ၃၀ ပေ၊ အနံ ၁၀ ပေရှိ အိပ်ခန်းတွဲ ၄ ခန်းတွဲအိပ်ဆောင် ၁ လုံး၊ အိပ်ခန်း ၄ ခန်းတွဲ(ရိက္ခာစတိုပါ) နှစ်ထပ်ဆောင် ၁ လုံး၊ မီးစက်အကြီး ၁ လုံး၊ ၁၅ ပေအမြင့် ကင်းစောင့်သစ်သားမျှော်စင် ၅ လုံး၊ အလျား ၂၀ ပေ၊ အနံ ၁၀ ပေ၊ အိပ်ဆောင်တန်းလျား ၁ လုံး၊ အလျား ၇၀၀ ပေ၊ အနံ ၄၀၀ ပေ၊ သွပ်ကာခြံဝင်း ၁ ခု၊ ALL IN ONE DESKTOP ကွန်ပျူတာ ၃၀ လုံး၊ STAR LINK ဗန်း ၁၀ ခု၊ AIR COOLER ၁ လုံး၊ XIAOMI ဝိုင်ဖိုင်စက် ၂ လုံး၊ SOUND BOX ၁လုံး၊ POWER STATION ၃ လုံး၊ ငွေရေတွက်စက် ၁ လုံး၊ ငွေကတ်ဖြတ်စက် ၃ လုံး၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် အခြားလျှပ်စစ်သုံးပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် တောင်ထိပ်ကျေးရွာအနီး ထပ်မံ၍ရှင်းလင်းရာ အဆိုပါနေရာ၏မြောက်ဘက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား ၁၀ ဦးအားလည်းကောင်း၊ ယနေ့တွင် အဆိုပါနေရာ၏မြောက်ဘက်၊ တောင်ထိပ်ကျေးရွာ၏တောင်ဘက်တွင်တရုတ်နိုင်ငံသား ၁၀ ဦးအားလည်းကောင်း၊ တောင်ထိပ်ကျေးရွာ၏မြောက်ဘက်ရှိပုံပိုးကျေးရွာအနီးတွင်လည်း တရုတ်နိုင်ငံသား ၈ ဦးအားလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်မနီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျစီစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောက်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

◆ စာမျက်နှာ ၂၄ မှအဆက်

ရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်၊ မြဝတီမြို့-ချွေကုက္ကိုလိုနယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၃၁ ဦး နှင့် ပါကစ္စတန်နိုင်ငံသား ၃၀ ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၆၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၁၉၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၇၅၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၅ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။

KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၇ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိတရားမဝင်အဆောက်အအုံများဖြစ်သော ၁ ထပ်အဆောက်အအုံ ၁ လုံး၊ ၂ ထပ်အဆောက်အအုံ ၄ လုံး၊ ၄ ထပ်အဆောက်အအုံ ၂ လုံး၊ စုစုပေါင်းတရားမဝင်အဆောက်အအုံ ၇ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၃၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၈၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွယ်သော အဆောက်အအုံ ၆၁ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုသည့်ပစ္စည်းများကိုလည်း တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

